KEY STATEMENTS FOR THE 2026
INTERNATIONAL THANKSGIVING BLENDING CONFERENCE

သီချင်းတကာ့သီချင်းစာစောင်သည် ခရစ်တော်ကို ရှာဖွေသူ၏ အသက်ရှင်ခြင်းကို ကဗျာလင်္ကာပုံစံ၌ အံ့သြဖွယ်ရာနှင့် ကွက်ကွက်ကွင်းကွင်း ပုံဖော်ထားခြင်းဖြစ်ကာ၊ ကိုယ်တော်၏ သတို့သမီးပြင်ဆင်ခြင်းအတွက် ယုံကြည်သူတစ်ဦးချင်း၏ ခရစ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းအတွေ့အကြုံ တိုးတက်လာခြင်းကို ဖွင့်ပြပေးခြင်းဖြစ်သည်။

သမ္မာကျမ်းစာက ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပိုးပန်းရန် လူတစ်ဦးဖြစ်လာ၍၊ ယခု ကိုယ်တော်က ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပုဂ္ဂိုလ်ရေးဖြစ်သော၊ ချစ်ခင်ကြင်နာသော၊ သီးသန့်ဖြစ်သော၊ ဝိညာဉ်ရေးရာဖြစ်သော ဆက်နွယ်မှုမှတစ်ဆင့် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရားဆိုင်ရာဖြစ်လာခြင်းအားဖြင့် ကိုယ်တော်ကို ပိုးပန်းစေရန် အလိုတော်ရှိသည်။

ဘုရားသခင်သည် မိမိတို့ကိုယ်တိုင်၌ သန့်စွမ်းနေသောသူများကို အလိုမရှိပါ။
ကိုယ်ခန္ဓာတော်၏ မူအလေ့အလာ၌ အောင်မြင်သူများဖြစ်ရန် ထိုက်တန်သည်ဟု ရေတွက်ခံရသူများမှာ သခင်ဘုရားအပေါ် လုံးလုံး မှီခိုမှုရှိသော၊ ဟန်မဆောင်နိုင်လောက်အောင် ကိုယ်တော်၌ ကိုးစားသော အားနည်းသောသူများဖြစ်ကြလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ချစ်ရာအရှင်၏ အသံကို တစ်ဦးချင်းဆိုင်ရာ ကြားရန် လိုအပ်သည်၊
ကျွန်ုပ်တို့ထံ တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်၏ ပုဂ္ဂိုလ်ရေးဖြစ်သော၊ သီးသန့်ဖြစ်သော၊ တိုက်ရိုက်ဖြစ်သော စကားပြောခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဘုန်းတော်နှင့်ပြည့်စုံသော သတို့သမီးအဖြစ် ပြင်ဆင်ပေးပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် ပြန်ကြွလာ၍ ကျွန်ုပ်တို့ကို ထိမ်းမြားလက်ထပ်ရန် တတ်နိုင်မည်ဖြစ်သည် -
“အို ဥယျာဉ်တို၌ နေသောသူ၊ / ကျွန်မ၏ အပေါင်းအဖော်တို့သည် ကိုယ်တော်၏ စကားသံကို နားထောင်တတ်ကြ၏။ / ကျွန်မသည်လည်း ကြားပါရစေ။” - (သီ၊၈:၁၃)

“ကိုယ်တော် ကြွလာတော်မူသောအခါ၊ ယုံကြည်ခြင်းသည် အကြောင်းရင်းမှန်များအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပြီး၊ ချီးမွမ်းခြင်းသည် ဆုတောင်းခြင်းကို အစားထိုးသွားမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် အရိပ်မဲ့သော စုံလင်ခြင်း၌ ပြီးမြောက်ပြည့်စုံသွားမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အပြစ်ကင်းမဲ့သောနယ်ပယ်၌ ကိုယ်တော်အား အစေခံကြမည်ဖြစ်ပေ၏။ မည်မျှ ကြီးမြတ်သော နေ့ရက် ဖြစ်ပါမည်တကား။ သခင်ယေရှု၊ အလျင်အမြန် ကြွလာတော်မူပါ။”
- Watchman Nee,

© 2026 Living Stream Ministry

Outline of the Messages
for the International Thanksgiving Blending Conference
November 26-29, 2026

GENERAL SUBJECT:
သီချင်းတကာ့သီချင်း၌ ပုံဖော်ထားသည့် အောင်မြင်ခြင်းအသက်တာ

Message One

သီချင်းတကာ့သီချင်း၏ ပထမအဆင့် - ကျေနပ်နှစ်သိမ့်ခြင်းအတွက် ခရစ်တော်ကိုရှာဖွေဆည်းပူးရန် ဆွဲဆောင်ခံရခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၊၁း၁ - ၂း၇။ ယော၊၁၄း၂၁၊ ၂၃။ ၂၁း၁၅-၁၇

I. "သီချင်းတကာ့သီချင်းဖြစ်သော ရှောလမုန်၏သီချင်း" သည် ခရစ်တော်၏ ချစ်သူ၏ ဝိညာဉ်ရေးရာသမိုင်းကြောင်းကို ကဗျာလင်္ကာဆိုင်ရာ ဖော်ပြချက်များ၊ စကားလုံးများနှင့် စကားစုများဖြင့် ဖော်ပြထားခြင်းပင် ဖြစ်သည်။ ၎င်းသည် ခရစ်တော်ကို ရှာဖွေသောသူ၏ အသက်ရှင်ခြင်းကို ကဗျာလင်္ကာပုံစံ၌ အံ့သြဖွယ်ရာနှင့် ကွက်ကွက်ကွင်းကွင်း ပုံဖော်ထားခြင်းဖြစ်ကာ၊ ကိုယ်တော်၏ သတို့သမီးပြင်ဆင်ခြင်းအတွက် ယုံကြည်သူတစ်ဦးချင်း၏ ခရစ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းအတွေ့အကြုံတိုးတက်လာခြင်းကို ဖွင့်ပြပေးခြင်းဖြစ်သည် - သီ၊၁း၁။ ဗျာ၊၁၉း၇။ ည္ဥန်း၊ ၁ဘုရင်၊၄း၃၂။

A. သီချင်းတကာ့သီချင်းသည် ဒေသနာကျမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်၊ ထိုကျမ်းက "နေအောက်မှာ" အပေါင်းလက္ခဏာနှင့် အနုတ်လက္ခဏာဆိုင်ရာ အတွေ့အကြုံများအားလုံးမှာ "အနတ္တတကာ့ အနတ္တ"ဖြစ်ကြောင်း ပြသထားသည် - ၁း၂-၃။

B. သီချင်းတကာ့သီချင်းက ခရစ်တော်သည် သီချင်းတကာ့သီချင်းဖြစ်ကြောင်း၊ လူသားအသက်တာ၏ ကျေနပ်နှစ်သိမ့်ခြင်းတကာ့ ကျေနပ်နှစ်သိမ့်ခြင်းဖြစ်ကြောင်း အလေးထားဖော်ပြကာ၊ ၎င်းသည် "နေအောက်မှာ" ရှိသမျှအားလုံး၏ အနတ္တတကာ့ အနတ္တဖြစ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

C. အရာတစ်ခုသည် မည်မျှပင် ကောင်းမွန်၊ သာလွန်၊ ထူးကဲကာ အံ့ဖွယ်ဖြစ်နေစေကာမူ၊ ၎င်းသည် ဖန်ဆင်းခြင်းအဟောင်းမှ ဖြစ်နေသရွေ့ ယင်းသည် "နေအောက်မှာ"ရှိသော အနတ္တတကာ့ အနတ္တ၏ အစိတ်အပိုင်းဖြစ်ကာ၊ "လေနောက်သို့လိုက်နေခြင်း" ဖြစ်သည် (ဒေ၊၁း၁၄)။ ဒေသနာကျမ်း၌ ရှောလမုန်၏ နိဂုံးချုပ်စကားမှာ လူသားအသက်တာ၏ နယ်ပယ်အဝန်းအဝိုင်းသည် အဆုံး၌ ဒုက္ခဝေဒနာသာရှိသော ကျဆင်းသောလူအဖို့ ငိုချင်းသီချင်းဖြစ်ခြင်း ဖြစ်လေသည်။

D. ကောင်းကင်များ၌ရှိကာ "နေအောက်မှာ"မရှိသော ဖန်ဆင်းခြင်းအသစ်သာလျှင် အနတ္တမဟုတ်ဘဲ၊ စစ်မှန်ခြင်းဖြစ်ပေသည်။ "ဖန်ဆင်းခြင်းအသစ်သာလျှင် အကျိုးရှိ၏" - ဂလ၊၆း၁၅။

1. ဖန်ဆင်းခြင်းအဟောင်းသည် ဘုရားဆိုင်ရာ အသက်နှင့် သဘောသဘာဝ မပါရှိပေ၊ သို့သော် ဘုရားသခင်၏ တစ်ဖန်မွေးဖွားခံရသူများဖြစ်သည့် ယုံကြည်သူများဖြင့် ထုံးဖွဲ့ထားသည့် ဖန်ဆင်းခြင်းအသစ်၌ ရှိသည် - ၂ကော၊၅း၁၇။ ယော၊ ၃း၁၅။ ၂ပေ၊၁း၄။
2. ထို့ကြောင့် ပေါလုက "ဘုရားသခင်၏ လက်ယာ တော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကိုသာ ရှာကြလော့" (ကော၊၃း၁)၊ "သင်တို့၏ အသိဉာဏ်ကို မြေကြီးအရာများ အပေါ်တွင် မထားရှိဘဲ၊ အထက်အရာတို့ အပေါ်တွင် ထားရှိ ကြလော့" (အငယ်၊၂) ဟု ကျွန်ုပ်တို့ကို တိုက်တွန်းရခြင်းဖြစ်သည်။

E. ဘုရားသခင်သည် လူကို ကိုယ်တော်၏ပုံသဏ္ဌာန်၌ ဖန်ဆင်းခဲ့ပြီး၊ လူ၌ ဝိညာဉ်ကို ပုံသွင်းထားကာ၊ ထိုသို့ဖြင့် လူသည် ကိုယ်တော်ကို လက်ခံရရှိကာ ထည့်ဝင်နိုင်မည်ဖြစ်သည် (က၊၁း၂၆။ ၂း၇)။ ထို့အပြင် ဒေသနာကျမ်းက ဘုရားသခင်သည် လူ၏ စိတ်နှလုံး၌ "ထာဝရဖြစ်ခြင်း"ကို ထားရှိပေးကြောင်း၊ ယင်းမှာ "ခေတ်ကာလများတစ်လျှောက် နေအောက်တွင်ရှိသော မည်

သည့်အရာမျှ ကျေနပ်နှစ်သိမ့်ခြင်း မပေးနိုင်ဘဲ၊ ဘုရားသခင် တစ်ပါးတည်းသာလျှင် ကျေနပ်နှစ်သိမ့်ခြင်းပေးနိုင်သည် ဟူသော ဘုရားဆိုင်ရာ အာရုံခံစားမှု" ဖြစ်သည် (၃း၁၁ - Amplified Bible)။

1. ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှုအရ ကျွန်ုပ်တို့၏လူသားအသက်တာ၌ ရရှိအောင်မြင်မှု ရှိသောအခါတိုင်း ကျွန်ုပ်တို့အတွင်းမှာ ဗလာဖြစ်ခြင်းကို ခံစားရကြောင်း သိကြပါသည်။ ဤသည်မှာ လူအတွင်း၌ ထာဝရအရာများအတွက် တောင့်တမှုဆန္ဒရှိနေကြောင်း ညွှန်ပြနေသည်။
2. ဘုရားသခင်က ထိုသို့သော တောင့်တမှုဆန္ဒ၊ ထိုသို့သော ရှာဖွေမှုကို လူ၏စိတ်နှလုံး၌ ထည့်ထားသည်၊ သို့မှသာ လူသည် ဘုရားသခင်ကို ရှာဖွေမည်ဖြစ်သည် - ဉာဏ်း၊ တ၊၁၇း၂၆-၂၇။
3. လူသားအသက်တာရှိ မည်သည့် ရရှိအောင်မြင်မှုကိုမဆို မွေ့လျော်ဝမ်းမြောက်ခြင်းအားလုံးသည် အဆုံးသတ်လိမ့်မည်၊ ရုပ်ပိုင်းဆိုင်ရာအသက်၏ ရုပ်ဝတ္ထုအရာအမျိုးအစားမှန်သမျှအဖို့ "နောက်ဆုံးနေ့" ရှိလေသည် - ယော၊၇း၃၇။
4. ယာယီအရာများသည် လူကို ဘယ်တော့မှ ကျေနပ်နှစ်သိမ့်ခြင်း မပေးနိုင်ပါ။ ထာဝရ ဘုရားသခင် တည်းဟူသော သီချင်းတကာ့သီချင်းအဖြစ် ခရစ်တော်သာလျှင် လူ၏စိတ်နှလုံးရှိ အကြံအစည်၏ နက်ရှိုင်းသော အာရုံခံစားမှုကို ကျေနပ်နှစ်သိမ့်ခြင်း ပေးနိုင်သည် - ၂ကော၊၄း၁၈။

II. ကျွန်ုပ်တို့ ခရစ်တော်ကို ရှာဖွေဆည်းပူးခြင်း၌ ဝိညာဉ်ရေးရာမူအလေ့အလာများအားလုံးသည် သီချင်းတကာ့သီချင်းရှိ ရှာဖွေသူ၏ အောင်မြင်ခြင်းအသက်တာ ပထမ အဆင့်၌ ပါဝင်သည်။ နောက်ပိုင်းမှလိုက်လာသော သင်ခန်းစာများမှာ အသစ်မဟုတ်ပါ။ ထိုအစား သင်ခန်းစာအဟောင်းများသည် ပို၍နက်ရှိုင်းသောနည်းလမ်း၌ ပြန်ကျော့ထားခြင်း ဖြစ်သည် - ၁း၁ - ၂း၇။

A. အသစ်မွေးဖွားခြင်းက ဘုရားသခင်၏မျိုးစိတ်ကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာသည်။ ကျွန်ုပ်တို့ခရစ်ယာန်အသက်တာတစ်ခုလုံး၏ အတွေ့အကြုံအားလုံးသည် ဤမျိုးစိတ်ဗီဇ၌ ပါရှိသည် - ၁ယော၊၃း၉။ မာ၊၄း၅၆။

B. မူအလေ့အလာ၌ သီချင်းတကာ့သီချင်းရှိ ဝိညာဉ်ဆိုင်ရာ မြင့်မားသောအချက်များအားလုံးကို ကျွန်ုပ်တို့ရရှိပြီးဖြစ်သည်၊ အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင်၏မျိုးစိတ်ဗီဇ၊ ဘုရားသခင်၏အသက်၌ ပါရှိပြီးဖြစ်၍၊ ယင်းကို ကျွန်ုပ်တို့အထဲသို့ ဝေဌဖြန့်ဖြူးကာ၊ ကျွန်ုပ်တို့၌ ကြီးထွားလာလိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည် - ရော၊၈း၁၀။ ကော၊၃း၉။

III. အသက်သည် ပုဂ္ဂိုလ်ဖြစ်သည့် ခရစ်တော်ကိုယ်တော်တိုင် ဖြစ်ပြီး၊ ကိုယ်တော်ကို ချစ်ခြင်းအားဖြင့်မှလွဲ၍ ဤပုဂ္ဂိုလ်ကို မွေ့လျော်ဝမ်းမြောက်ရန် အခြားနည်းလမ်းမရှိပါ - မာ၊၁၂း၃၀။ ၁ကော၊၃း၉။

A. ကျွန်ုပ်တို့သည် သခင်ဘုရားကို အဆုံးစွန် ချစ်မည်၊ တစ်နေ့တာလုံး ကိုယ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်မည်ဆိုလျှင် ချက်ချင်းပင် အသင်းတော်သည် မည်သို့သော အခြေအနေရှိနေပါစေ၊ ကျွန်ုပ်တို့အဖို့ ပရဒိသုဘုံ ဖြစ်လာလိမ့်မည်ဖြစ်သည် - ဗျာ၊၃း၄၊ ၇။ ၂ကော၊၁၂း၄ မှတ်စု ၁။ လု၊၂၃း၄၂-၄၃။

B. ကျွန်ုပ်တို့၏အသက်အဖြစ် သခင်ဘုရားသည် ပုဂ္ဂိုလ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ဆက်သွယ်ရမည်၊ ကျွန်ုပ်တို့သည် အတိတ်က ကိုယ်တော်ကို ကျွန်ုပ်တို့မည်မျှ တွေ့ကြုံခံစားခြင်း၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိခဲ့ပါစေ၊ ခရစ်တော်၏ လက်ရှိ မျက်မှောက်တော်၊ လက်ရှိ ရှိနေသော ပုဂ္ဂိုလ်ကို တစ်ချိန်လုံး လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည် "ယခု ဝေဌဖြန့်ဖြူးနေသော ခရစ်တော်" ဖြစ်သည် - ယော၊၈း၁၂။ ဖိ၊၃း၁၃-၁၄။

C. ယောဟန် ၁၄း၂၁ နှင့် ၂၃ က သားတော်သည် မိမိကိုယ်တော်တိုင်အား ကိုယ်တော်ကို ချစ်သောသူထံ ထင်ရှားပြသ၍၊ ကိုယ်တော်နှင့်အတူ ခမည်းတော်သည် သားတော်ကိုချစ်သောသူနှင့်အတူ ကိန်းဝပ်ရန် ကြွလာမည်ဖြစ်ကြောင်း ပြသထားသည်။

1. ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်၍၊ "သခင်ယေရှု၊ ကိုယ်တော်ကို ချစ်ပါ၏"ဟု ပြောရန် လိုအပ်သည်။ ကိုယ်တော်ကို ချစ်သောအခါ ကိုယ်တော်သည် မိမိကိုယ်တော်တိုင် ကျွန်ုပ်တို့ထံ ပေါ်ထွန်းလာမည်၊ ယင်းမှာ ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့ချစ်သောအရှင်၏ မျက်မှောက်တော်ကို ရရှိခြင်းဖြစ်သည်။
2. ကျွန်ုပ်တို့သည် ယေရှုကို ချစ်လျှင်၊ ယေရှုသည် ကျွန်ုပ်တို့ကို ချစ်၍ ခမည်းတော်သည်လည်း ကျွန်ုပ်တို့ကို ချစ်တော်မူမည်။ သားတော်သည် မိမိကိုယ်တော်တိုင် ကျွန်ုပ်တို့ထံ ထင်ရှားပြသသောအခါ ခမည်းတော်သည် ကိုယ်တော်နှင့်အတူ

ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့နှင့်အတူ ကိန်းဝပ်တည်နေရန် ကြွလာမည်ဖြစ်သည် - ညွှန်း၊ ၁ကော၂း၉-၁၂။

D. သခင်ဘုရားထံသို့ အယောက်စီတိုင်း၏ ချစ်ခြင်းအစသည် ကိုယ်တော်၏ပုဂ္ဂိုလ်တော် ရှုပါရုံဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသစ်သော သိကျွမ်းခြင်းမရှိဘဲ၊ ကိုယ်တော်၏ အသစ်သော ရှုပါရုံမရှိဘဲ ရှေ့ဆက်မသွားနိုင်ကြပါ - တ၊ ၂၆း၁၄-၁၉။ ၂ကော၊၄း၆-၇။ ဖိ၊၃း၈-၁၀က၊ ၁၃။ ညွှန်း၊ တရား၊၄း၂၅။

IV. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုသည် ပုဂ္ဂိုလ်ရေးရာ ဖြစ်ရမည် - "ကျွန်မကို ဆွဲဆောင်ပါ"သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖြစ်သည် (သီ၊၁း၄)။ ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် ပုဂ္ဂိုလ်ရေးရာ ဆွဲဆောင်ခံရကြသောကြောင့် အခြားသူများသည် ကျွန်ုပ်တို့မှတစ်ဆင့် သခင်ဘုရားထံ ဆွဲဆောင်ခံရလိမ့်မည်ဖြစ်သည် (ယော၁၃း၃။ ညွှန်း၊ ၂ကော၊၁၁း၂)။

A. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ပုဂ္ဂိုလ်ရေးရာ ဆက်နွယ်မှုရှိခဲ့ကြသောသူများ၏ စံနမူနာများနောက်သို့ လိုက်ရန် လိုအပ်သည်။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်အတွက် ဘုရားသခင်၏မိတ်ဆွေဖြစ်သောသူ အာဗြဟံ၏ စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည် - ၂ရာ၂၀း၇။ ဟေရာ၊၄၁း၈။ ယာ၊၂း၂၃။ က၊၁၈း၁-၃၃။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်ကို အပြည့်ဝဆုံးရရှိသူနှင့် ဘုရားသခင်၏ စိတ်ဝင်စားမှုများအတွက် ဘုရားသခင်၏ အဆွေခင်ပွန်းဖြစ်သောသူ မောရှေ၏စံနမူနာ နောက်သို့ လိုက်ရန် လိုအပ်သည် - ထွ၊၃၃း၁၁-၁၄။
3. ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်၌၊ အိမ်တော်အတွက် ဘုရားသခင်၏မျက်နှာတော် ထွန်းလင်းခြင်းကို ရှာဖွေသူ ဒါဝိဒ်နှင့် အာသပ်တို့၏ စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည် - ဆာ၊၂၇း၄၊ ၈၀း၃၊ ၇၊ ၁၄-၁၉။
4. ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ မရပ်မနားဘဲ အသက်ရှင်သောသူ သခင်ယေရှု၏ စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည်။ အချိန်တိုင်းမှာ ကိုယ်တော်သည် ခမည်းတော်၏ မျက်နှာတော်ကို မြင်ခဲ့သည် - တ၊၁၀း၃၈။ ယော၊ ၈း၂၉။ ၁၆း၃၂။
5. ကျွန်ုပ်တို့သည် ပေတရု၏စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည်၊ သူသည် သခင်ဘုရား၏ သိုးများကို ထိန်းကျောင်းရန် သခင်ဘုရားကို ချစ်ခြင်းအား ပြန်လည်ရယူခံရသူဖြစ်ပြီး၊ မိမိဇာတိခွန်အား၌ မည်သည့် ကိုးစားမှုမျှ မရှိဘဲ မာတုရဖြစ်သည့်တိုင် သခင်ဘုရားနောက်သို့ လိုက်လျှောက်ခဲ့သူဖြစ်သည် - ၂း၁၁-၁၉။ မာ၊၁၆း၇။
6. ကျွန်ုပ်တို့သည် ပေါလု၏ စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည်၊ သူသည် ခရစ်တော်အဖို့ နှစ်သက်အားရဖွယ်ဖြစ်ရန် ခရစ်တော်၏ သံတမန်အဖြစ် ခရစ်တော်၏ပုဂ္ဂိုလ်တော်၌ အသက်ရှင်ခြင်းငှာ ခရစ်တော်၏ ချစ်ခြင်းမေတ္တာဖြင့် အနိုင်အထက်သွေးဆောင်ခံရသူ ဖြစ်သည် - ၂ကော၊၅း၁၀။ ၅း၉၊ ၁၄-၁၅၊ ၂၀။

B. သခင်ဘုရား၏ ချစ်သောရှာဖွေသူသည် သခင်ဘုရားနှင့်အတူ ပုဂ္ဂိုလ်ရေးရာအဖြစ်ဆုံးသော ဆက်သွယ်ခြင်းရှိရန် အလိုဆန္ဒရှိခြင်းကို *နမ်းခြင်း* ဟူသောစကားလုံးဖြင့် ဖော်ပြထားသည်။ နမ်းခြင်းသည် သခင်ဘုရားနှင့်အတူ ပုဂ္ဂိုလ်ရေးရာ ဆက်နွယ်မှု၏ ဖော်ပြချက်ဖြစ်သည်၊ အကြောင်းမှာ မည်သူမျှ လူပုဂ္ဂိုလ်နှစ်ဦးကို တစ်ချိန်တည်းမှာ နမ်းခြင်းမပြုနိုင်သောကြောင့် ဖြစ်သည် - သီ၊၁း၂။

V. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုသည် ချစ်ခင်ကြင်နာခြင်း ဖြစ်ရမည် - "အရှင်၏နှုတ်ဖြင့် နမ်းခြင်းများစွာနှင့် ကျွန်မကို နမ်းပါစေ" – "ကျွန်မကို နမ်းပါစေ"သည် ချစ်ခင်ကြင်နာခြင်း ဖြစ်သည် - အငယ်၂။

A. ဆာလံ ၂း၁၂ တွင် "သားတော်ကို နမ်းကြလော့။ / ... ကိုယ်တော်၌ ခိုလှုံသောသူရှိသမျှတို့သည် မင်္ဂလာ ရှိကြ၏"ဟု ပြောထားသည်။

1. သားတော်၌ ခိုလှုံခြင်းမှာ သားတော် ခရစ်တော်အထဲသို့ ယုံကြည်ခြင်း (ယော၊၃း၁၆၊ ၃၆)၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ ခိုလှုံရာ၊ ကွယ်ကာရာ၊ ပုန်းခိုရာနေရာအဖြစ် ယူဆောင်ခြင်းဖြစ်သည် (ဆာ၊၁၈း၁-၂။ ၃၁း၁၉-၂၀။ ၃၄း၈။ ၅၇း၁။ ၇၁း၁။ ၉၁း၁-၂၊ ၄၊ ၉။ ၁၁၈း၈-၉။ ၁၄၄း၂။ သု၊၃၀း၅)။

2. သားတော်ကို နမ်းခြင်းမှာ သားတော်ကို ချစ်ရန်နှင့် ထိုသို့ဖြင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည် - ယော၊ ၁၄း၂၁၊ ၂၃။ ညွှန်း၊ ဆာ၊၉၁း၁၄။
3. သခင်ဘုရား၌ ယုံကြည်ခြင်းမှာ ကိုယ်တော်ကို လက်ခံရရှိခြင်းဖြစ်သည် (ယော၊၁း၁၂)၊ သခင်ဘုရားကို ချစ်ခြင်းမှာ ကျွန်ုပ်တို့လက်ခံရရှိသော သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ဤသည်မှာ သခင်ဘုရား၌ ပါဝင်ဆက်ဆံရန် ကျွန်ုပ်တို့အဖို့ လိုအပ်ချက်နှစ်ခုပင် ဖြစ်သည် (၁ကော၊၂း၉။ ညွှန်း၊ ၁၆း၂၂)။

B. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ချစ်ကြင်နာသော ဆက်နွယ်မှု ရှိသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် များစွာသောသွင်ပြင်များ၌ ကျွန်ုပ်တို့ထံ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းဖြစ်လာသည် - ဧ၊၃း၈။ ၂း၇။ ရော၊၁၀း၁၂-၁၃။
1. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ ဖခင်ဖြစ်ပြီး၊ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ မိခင် ဖြစ်သည် - ၈း၁၅-၁၆။ ဂလ၊၄း၂၄-၂၆။ ဟေရှာ၊၆၆း၁၂-၁၃။
2. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ ခင်ပွန်းဖြစ်သည် - မ၊၉း၁၅။ ၂ကော၊၁၁း၂။
3. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ ညီအစ်ကို ဖြစ်သည် - ယော၊၂၀း၁၇။ ရော၊၈း၂၉။
4. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ မိတ်ဆွဖြစ်သည် - မ၊၁၁း၁၉။ ယော၊၁၅း၁၂-၁၇။
5. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ တိုင်ပင်ဖက်ဖြစ်သည် - ဟေရှာ၊၉း၆။
6. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ ရှေ့နေဖြစ်သည် - ၁ယော၊၂း၁။
7. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ နှစ်သိမ့်ပေးသူဖြစ်သည် - ယော၊၁၄း၁၆။ ၁၅း၂၆။
8. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော သခင်ဘုရားသည် ကျွန်ုပ်တို့၏ သိုးထိန်းဖြစ်သည် - ဆာ၊၂၃း၁။ ၁ပေ၊၂း၂၅။

VI. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုသည် သီးသန့် ဖြစ်ရမည် - "ရှင်ဘုရင်သည် ကျွန်မကို ကိုယ်တော်၏ အတွင်းခန်းများထဲသို့ ဆောင်ခဲ့တော်မူပြီ" (သီ၊၁း၄ခ)။ ရှင်ဘုရင်၏ အတွင်းခန်းများသည် ခရစ်တော်၏အတွင်းခန်းများအဖြစ် ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော ဝိညာဉ်ကို ပုံဆောင်သည် (၂တိ၊၄း၂၂။ ဧ၊၃း၁၆။ ၂း၂၂)။

A. ကျွန်ုပ်တို့သည် သခင်ဘုရားကို လျှို့ဝှက်စွာ၊ တိကျစွာ၊ အောင်နိုင်လွှမ်းမိုးသော နည်းလမ်း၌ သီးသန့် ဆက်သွယ်၍၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ကိုယ်တော်၏ အလင်းထွန်းလင်းပေးခြင်းနှင့် ဖြည့်သွင်းပေးခြင်းအတွက် ကိုယ်တော်ထံ ဖွင့်ပေးရန် လိုအပ်သည် - မ၊၆း၆။

B. မြေကြီးပေါ်မှာ အမြင့်မြတ်ဆုံးသော အလုပ်အကိုင်မှာ ဘုရားသခင်နှင့်အတူ ဖြည့်သွင်းခံရရန် အချိန်ယူခြင်း ဖြစ်ပြီး၊ ထိုသို့ဖြင့် သင်သည် ဘုရားသခင်ဖြင့် ထွန်းတောက်ကာ၊ ဘုရားသခင်ကို ထွန်းလင်းစေနိုင်မည် ဖြစ်သည် - ထွ၊၃၃း၁၁။ ၂ကော၊ ၃း၁၆၊ ၁၈။ ၄း၁။ ညွှန်း၊ မ၊၁၄း၂၃။ မာ၊၁း၃၅။ လု၊၅း၁၆။ ၆း၁၂။ ၉း၂၈။

C. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုန်းခိုရာနေရာ၊ ကျွန်ုပ်တို့၏ကိန်းဝပ်ရာနေရာနှင့် ကျွန်ုပ်တို့၏ လုံလောက်ပြည့်စုံမှု လျှို့ဝှက်ချက်အဖြစ် တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ဆာ၊၃၁း၂၀။ ၂၇း၅။ ၉၀း၁။ ၉၁း၁။ ဖိ၊၄း၁၃။

VII. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုသည် ဝိညာဉ်ရေးရာ ဖြစ်ရမည် - သီ၊၁း၄ခ။ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏လူသားဝိညာဉ် (ရှင်ဘုရင်၏အတွင်းခန်းများ) ၌ ကိန်းဝပ်နေပြီး၊ ဤဝိညာဉ်နှစ်ခုသည် တစ်ဝိညာဉ်တည်းအဖြစ် အတူတကွ ရောနှောပေါင်းစည်းလျက်ရှိနေသည် (ယော၊၄း၂၄။ ရော၊၈း၁၆။ ၁ကော၊၆း၁၇)။

A. ခရစ်တော်သည် ကျွန်ုပ်တို့ထံ ဝိညာဉ်ဆိုင်ရာ အလည်အပတ်ကြွလာသည်၊ အကြောင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အသန့်ရှင်းဆုံးဌာနဖြစ်ပြီး၊ သခင်တကာတို့၏ သခင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်သည့် နျူမက်တစ်ခရစ်တော်၏ အခန်းများ ဖြစ်သည် - ၁၅း၄၅ခ။ ရော၊၈း၁၆။ ၂တိ၊ ၄း၂၂။

B. ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်ကို ဆက်သွယ်ရန်နှင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရောနှောပေါင်းစည်းထားသော ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည် - ၁ကော၊၆း၁၅ နှင့် မှတ်စု ၁။ ၈း၁၁၇။ ၂း၂၂။ ၃း၅။ ၁၆။ ၄း၃၃။ ၅း၁၈။ ၆း၁၈။

VIII. သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဖြစ်သော၊ ချစ်ခင်ကြင်နာသော၊ သီးသန့်ဖြစ်သော၊ ဝိညာဉ်ရေးရာဖြစ်သော ဆက်နွယ်မှုသည် ကိုယ်တော်၏ အကြိုအစည်တော်အတွက် ကိုယ်တော်ကိုချစ်ခြင်း ဖြစ်စေပြီး၊ ဂုဏ်ပြုပွဲခံရာအိမ်အဖြစ် "အသင်းတော် အသက်တာအထဲသို့ ဦးဆောင်ပေးနေကာ (သီ၊၁း၇-၁၁။ ၂း၄)၊ ယင်း၌ ကျွန်ုပ်တို့သည် ပုံသဏ္ဌာန်ပြောင်းလဲပေးသော ဝိညာဉ်တော်အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲ၍၊ အသင်းတော်အသက်တာရှိ စုံလင်ပေးသူများအားဖြင့် စုံလင်ခံရနိုင်မည်ဖြစ်သည် (ဧ၊၄း၁၁-၁၂)။ ဤစုံလင်စေသူများ (သို့မဟုတ် "ပုံသဏ္ဌာန်ပြောင်းလဲပေးသူများ")သည် ကျွန်ုပ်တို့ကို စုံလင်စေရန် ပုံသဏ္ဌာန်ပြောင်းလဲပေးသော ဝိညာဉ်တော်နှင့် ညှိနှိုင်းလုပ်ဆောင်ကြကာ၊ သုံးပါးတစ်ပါးဘုရား၏ ဂုဏ်အင်္ဂါများကို ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်းများဖြစ်လာစေရန် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူလာခြင်းအားဖြင့် ကျွန်ုပ်တို့ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့အထဲသို့ အမှုဆောင်ပေး၍ (သီ၊၁း၁၀ခ-၁၁)၊ ယင်းသည် ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ယေရှုရှင်မြို့သစ် ပြီးမြောက်ခြင်းငှာ ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ပင် ဖြစ်သည် (၁ကော၊၃း၁၂က။ ဗျာ၊၂၁း၁၈-၂၁)။

© 2026 Living Stream Ministry

Message Two

သီချင်းတကာ့သီချင်း၏ ဒုတိယအဆင့် -
ကားတိုင်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ဆင့် အတ္တမှ လွတ်မြောက်ရန် ခေါ်ခြင်းခံရခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၂း၈-၃း၅။ မ၁း၁၃-၁၇။ ၂၁း၃၂။ ၁၆း၂၄

I. သီချင်းတကာ့သီချင်းသည် ရှောလမုန်အားဖြင့် ပုံဆောင်၍ ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်သော၊ တက်ကြွသော၊ ချီးမြှောက်ခြင်းခံရ၍ ကြွလာမည့်ဘုရင်ဖြစ်သော ခရစ်တော်ကို သိရှိနားလည်ခြင်းအထဲသို့ လမ်းညွှန်ပေးကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရမည် ဖြစ်သည်။

A. ရှာဖွေနေသော ချစ်သူ၏ နောက်လိုက်ခြင်း ပထမအဆင့်မှာ ဘုရင်အတွက် သူမသည် မည်မျှပင် အရေးပါကြောင်းကို ဖွင့်ပြထားသည်၊ သို့သော် သူမ၏နောက်လိုက်ခြင်း ဒုတိယအဆင့်၌ ဘုရင်သည် အလယ်ဗဟိုဖြစ်ပြီး၊ ယင်းမှာ ဘုရင်သည် သူမကို နှစ်သက်သဘောကျခြင်း၊ သူမအပေါ် ကြည့်ရှုခြင်းနှင့် သူမကို လိုလားဆန္ဒရှိခြင်း အချိန် ဖြစ်သည် - ၂း၁၄။

B. ကျွန်ုပ်တို့ခရစ်တော်နောက်လိုက်ခြင်း၏ ပထမအဆင့်၌ ခရစ်တော်သည် ကျွန်ုပ်အတွက် ဖြစ်ခြင်း ဖြစ်သည်။ ယခုတွင် ကျွန်ုပ်သည် ခရစ်တော်အတွက် ဖြစ်သည်။ ဆာလံ ၄၅ သည် ကျွန်ုပ်တို့၏ ဘုရင်အဖြစ် သခင်ယေရှုကို ချစ်ခင်ကြင်နာသော မေတ္တာ ရှိပါက၊ ကျွန်ုပ်တို့၏ လျှာသည် စာရေးသူလက်၌ အသင့်ရှိနေသော ကဗျာနှင့်တူ၍ ကိုယ်တော်အတွက် ကျွန်ုပ်တို့၏ ချစ်ခြင်းကို ရေးသားရန် အသင့်ဖြစ်နေကာ၊ ကိုယ်တော်၏ ဖြစ်ခြင်းအားလုံး၌ ကိုယ်တော်ကို ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ကိုယ်တော်အား ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည် - အငယ်၊ ၁။ မ၊ ၁း၃၄ခ။ ၂ကော၊၃း၃၊ ၆။ ဟေရှာ၊၆၃း၅-၇။

II. သီချင်းတကာ့သီချင်း ၂း၈ မှ ၃း၅ ၌ ခရစ်တော်၏ချစ်သူသည် ကားတိုင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ဆင့် အတ္တမှ လွတ်မြောက်စေရန် ကိုယ်တော်အားဖြင့် ခေါ်ခြင်းခံရသည်။ အရေးပါသော စကားလုံးသုံးလုံး - *ကားတိုင်၊ အတ္တ နှင့် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်း* - သည် ဤအပိုင်းကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကျွန်ုပ်တို့အား ကူညီပေးသည်။

III. "ကျွန်မချစ်ရာအရှင်၏ အသံပါတကား။ ယခု ကိုယ်တော်သည်/ တောင်ကြီးတို့ကို ခုန်လျက်၊/ တောင်ငယ်တို့ကို ကျော်လျက် ကြွလာ၏။ / ကျွန်မချစ်ရာအရှင်သည် သမင်ဒရယ်သငယ်နှင့်တူ၏။/ ယခု အုတ်ရိုးနောက်မှာ ရပ်တော်မူ၏။/ ကိုယ်တော်သည် ပြတင်းပေါက်များမှ ကြည့်လျက်၊/ မှန်ကူကွက်ကြားမှာ ချောင်းကြည့်လျက် နေတော်မူ၏''- ၂း၈-၉။

A. သခင်ဘုရား၏ ရှာဖွေသောသူသည် သူမ၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ခရစ်တော်နောက်လိုက်ခြင်း၌ အောင်မြင်မှုအချို့ ရရှိပြီးနောက် သူမသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်မှုအထဲသို့ ကျဆင်းသွားခဲ့သည်၊ ယင်းသည် သူမအား ခရစ်တော်၏ မျက်မှောက်တော်မှ အဝေးသို့ခွဲထားသည့် နံရံတည်းဟူသော ခွဲခြားထားသောအရာ ဖြစ်လာစေခဲ့သည် - အငယ်၊၉။

B. မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းမှာ အတ္တကို စူးစမ်းခြင်းနှင့် အတ္တကို ခွဲခြမ်းလေ့လာခြင်းအားဖြင့် ကိုယ့်ကိုယ်ကို စစ်ဆေးခြင်း ဖြစ်သည်။ အတ္တသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် စေ့စပ်ထုံဖွဲ့ထားသည် - ညွှန်း၊ ၁ကော၊ ၄း၃-၄။

C. ကျွန်ုပ်တို့သည် ယေရှုထံသို့ စေ့စေ့ကြည့်ရှုကြရမည်။ ကျွန်ုပ်တို့၏ အတ္တသည် စေ့စေ့ကြည့်ရှုခံရရန် မထိုက်တန်ပေ - ဟေဗြဲ၊ ၁း၁-၂က။ ယော၊ ၃း၁၄-၁၅၊ ၁း၃၁-၃၂။ စာရင်း၊ ၂း၄-၉။

D. ကိုယ်တော်သည် သမင်ဒရယ်သငယ်ကဲ့သို့ တောင်ကြီးတို့ကို ခုန်လျက်၊ တောင်ငယ်တို့ကို ကျော်လျက်နေခြင်းသည် ခက်ခဲမှုများနှင့် အတားအဆီးများ အားလုံးကို အောင်မြင်နိုင်သည့် ခရစ်တော်၏ ရှင်ပြန်ထမြောက်သော တန်ခိုးတော်ကို ပုံဆောင်ထားသည်။ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးတော်အဖြစ် ကိုယ်တော်သည် တောင်ကြီးတို့ကို ခုန်လျက်၊ တောင်ငယ်တို့ကို ကျော်သော ခရစ်တော်ဖြစ်သည် - သီ၊ ၂း၈-၉။

E. သခင်ဘုရား၏ ရှာဖွေသူသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းအားဖြင့် စိတ်ပျက်ခဲ့သည်၊ သို့သော် သခင်ဘုရားသည် သူမအား နွေဦးအချိန်ကာလအထဲသို့ ခေါ်နေသည် - အငယ်၊ ၁၀-၁၁။ ညွှန်း၊ ဟေဗြဲ၊ ၃း၇-၈။ ယော၊ ၈း၅၈။

F. သူမသည် မိမိကိုယ်ကိုအထဲသို့ကြည့်သောအခါ ၎င်းသည် မြို့နေခြင်း၏ ဆောင်းကာလအချိန် ဖြစ်၍၊ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို စေ့စေ့ကြည့်ရှုသောအခါ သူမသည် ရှင်ပြန်ထမြောက်ခြင်းအဆင့်၊ နွေဦးကာလအဆင့်အထဲသို့ ဝင်ရောက်သွားသည် - သီ၊ ၂း၁၀-၁၃။

G. အောင်နိုင်ခြင်းအဖို့ လျှို့ဝှက်ချက်မှာ ခရစ်တော်မှကင်းကွာလျက်ရှိသော ကျွန်ုပ်တို့ကိုယ်ကို ဘယ်သောအခါမျှ မကြည့်ရန်နှင့် ခရစ်တော်၏ ပြင်ပ၌ရှိသော အတ္တကို ဘယ်သောအခါမျှ ထည့်သွင်းစဉ်းစားခြင်း မရှိရန် ဖြစ်သည် - ဟေဗြဲ၊ ၁၂း၁-၂က။

IV. ''ငါ၏ချိုးငှက်၊ ကျောက်ကြားဌ၌၊ / ချောက်ကမ်းပါး ခိုလှုံရာ၌ / သင်၏မျက်နှာကို မြင်ပါရစေ။ / သင်၏စကားသံကို ကြားပါရစေ။ / သင်၏စကားသံသည် ချို၏။ / သင်၏မျက်နှာလည်း ချစ်ဖွယ်ကောင်း၏'' - သီ၊ ၂း၁၄။

A. ကျွန်ုပ်တို့သည် ကိုယ်တော်၏ မိတ်သဟာယဖွဲ့ခြင်းမှတစ်ဆင့် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်အားဖြင့် ကားတိုင်နှင့် ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ဆင့် အတ္တမှ လွတ်မြောက်စေခြင်း ခံရကြသည် - အငယ်၊၁၄။

1. ခရစ်တော်သည် ကိုယ်တော်ကို ရှာဖွေသောသူ၊ ကိုယ်တော်၏ ချိုးငှက်အား အသေခံသော အခြေအနေ၌ ဆက်လက်၍ တည်ရှိနေစေလိုသည်၊ ယင်းမှာ ကျောက်ဆောင်အက်ကွဲရာအဖြစ် ကိုယ်တော်၌၊ ချောက်ကမ်းပါးခိုလှုံရာ တည်နေရန် ဖြစ်သည် - အငယ်၊၁၄။ ဂလ၊၂း၂၀။ ၁ကော၊၁၅း၃။ ၂ကော၊၄း၁၀-၁၁။
2. သို့သော်လည်း၊ ကားတိုင်၌ ဆက်လက်တည်နေရန် ဆိုသည်မှာ ခက်ခဲသော အကြောင်းအရာဖြစ်ပြီး၊ ကျောက်ဆောင်အက်ကွဲရာကြားထဲသို့၊ ကြမ်းတမ်းသောလမ်းဖြင့် မြင့်သော တောင်များရှိ ခိုလှုံရာကျောက်ကြားသို့ ဝင်ရောက်ခြင်းကဲ့သို့ဖြစ်ပေသည်။
3. ကျွန်ုပ်တို့၏ ကားတိုင်မှာအသေခံခြင်းသည် ကျွန်ုပ်တို့၏ ဇာတိအသက် သို့မဟုတ် ခွန်အားအားဖြင့် မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးတော်အားဖြင့်၊ တောင်ကြီးတို့ကို ခုန်လျက်၊ တောင်ငယ်တို့ကို ကျော်သော ခရစ်တော်၊ "အရုဏ်ဦး၏ သမင်မ" ၏ မျက်မှောက်တော်အားဖြင့် ဖြစ်သည် - ဆာ၊၂၂ ခေါင်းစဉ်။ သု၊၄း၁၈။
4. ကိုယ်တော်၏ချစ်သူအား မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်း၌ သူမ၏နိမ့်ကျသောအခြေအနေမှ ထလာနိုင်ရန် ခွန်အားပေးခြင်းနှင့် အားဖြည့်ပေးခြင်းအလို့ငှာ ခရစ်တော်သည် သူမအား ရှင်ပြန်ထမြောက်ခြင်း တန်ခိုး (သီ၊၃း၈-၉) ကို ပြသခြင်းအားဖြင့် အားဖြည့်ပေးခဲ့၍ ကိုယ်တော့် ရှင်ပြန်ထမြောက်ခြင်း၏ ကြွယ်ဝခြင်းများ (အငယ်၊၁၁-၁၃) ဖြင့် ခွန်အားပေးခဲ့သည်။
5. ကျွန်ုပ်တို့၏ ဇာတိအသက်အားဖြင့် မဟုတ်ဘဲ၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်အားဖြင့် ခရစ်တော်၏ ချစ်သူများဖြစ်ကြသော ကျွန်ုပ်တို့သည် မိမိတို့အတ္တကို ငြင်းပယ်ခြင်းအားဖြင့် ကားတိုင်ကို ယူဆောင်ရန် ဆုံးဖြတ်ကြသည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်အားဖြင့်ပင် ကိုယ်တော်၏ ကားတိုင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့် ကိုယ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီလာကြသည် - မ၊၁၆း၂၄။ ဖိ၊၃း၁၀။ ရော၊၈း၁၃။
6. ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းမှာ နျူမက်တစ်ခရစ်တော် (ယော၊၁၁း၂၅) ဖြစ်ပြီး၊ ပြီးမြောက်ပြည့်စုံခဲ့သော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၏ အသစ်တစ်ဖန် မွေးဖွားခဲ့သော ဝိညာဉ်၌ ကိန်းဝပ်ကာ၊ ၎င်းနှင့်အတူ ရောနှောပေါင်းစည်းနေသည့်အရှင် ဖြစ်သည် (ရော၊၈း၁၆။ ၁ကော၊၆း၁၇)။

B. ထိုသို့သော ရောနှောပေါင်းစည်းထားသည့် ဝိညာဉ်၌ပင် ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ပါဝင်ဆက်ဆံခြင်းနှင့် တွေ့ကြုံခံစားခြင်း ရှိနိုင်ကြကာ၊ ယင်းသည် ကျွန်ုပ်တို့ကို အတ္တမှ လွတ်မြောက်ရန် ကားတိုင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း၌ ဘုရားသခင်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ဘုရားသခင်၏ ဖန်ဆင်းခြင်း အသစ်၌ရှိသော လူသစ်တစ်ဦးအထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရန် ကျွန်ုပ်တို့အား တတ်စွမ်းစေသည်။

V. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကိုယ်ခန္ဓာတော်အဖို့အလို့ငှာ ကိုယ်တော့်ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးတော်နှင့် ကြွယ်ဝခြင်းများဖြစ်သော ဝိညာဉ်တော်အားဖြင့် နေ့တိုင်း အသေခံခြင်း၊ နေ့တိုင်း ကားတိုင်ကို ယူဆောင်ခြင်းနှင့် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီလာခြင်း ရှိရမည်ဖြစ်သည် - ၁ဂျး၃၁၊ ၃၆။ လု၊၉း၂၃။ ဖိ၊၃း၁၀။ ညွှန်း၊ ဟော၊၆း၁-၃။

A. ကျွန်ုပ်တို့သည် သေခြင်းနှင့် မြုပ်နှံခြင်းမှလွဲ၍ မည်သည့်အရာအတွက်မျှ မကောင်းကြောင်းကို သိနားလည်၍ ခေတ်ကာလ ၏ ရူပါရုံနှင့် အမှုတော်အထဲသို့ ဝင်ရောက်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းနည်းလမ်းကို ယူဆောင်ရမည်၊ သို့မှသာ ကျွန်ုပ်တို့ သည် ကောင်းကင်များဖွင့်လှစ်ခြင်း၊ ဘုရားသခင်၏ဝိညာဉ်တော် ဆင်းသက်ခြင်းနှင့် ခမည်းတော်၏ စကားပြောခြင်းကို မွေ့ လျော်ဝမ်းမြောက်နိုင်မည် ဖြစ်သည် - မ၊၃း၁၃-၁၇၊ ၂၁း၃၂။ ညွှန်း၊ ယေဇ၊၃း၁-၃။

B. အသင်းတော်အသက်တာအတွက် ကျွန်ုပ်တို့သည် ပေါင်းစပ်ထားသော ဝိညာဉ်တော်ဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့သည် ခရစ်တော်၏ အဖိုးထိုက်သော အသေခံခြင်းနှင့်အတူ ၎င်း၏ချို့မြိန်သော အကျိုးသက်ရောက်မှုနှင့် ခရစ်တော်၏ အဖိုးထိုက် သော ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ၎င်း၏ တွန်းလှန်နိုင်သော တန်ခိုးတော်ကို မွေ့လျော်ဝမ်းမြောက်ကြရမည် ဖြစ်သည် - ထု၊ ၃၀း၂၃-၂၅။ ရော၊ ၁၄း၁၇-၁၈။ ညွှန်း၊ ဖိ၊၁း၁၉-၂၁။ ၂း၁၃။ ၃း၁၁။ ၄း၁၁-၁၃။

C. ကျွန်ုပ်တို့သည် ကားတိုင်ကို ယူဆောင်ရမည်၊ ယင်းမှာ ဘုရားသခင်၏ အလိုတော်ကို ယူဆောင်ရန် ဆိုလိုခြင်း ဖြစ်သည်။ ကားတိုင်သည် ဘုရားသခင်၏ အလိုတော်ဖြစ်၍ ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့၏ အစားအစာ ဖြစ်သည် - မ၊ ၂၆း၃၉။ ဟေဗြဲ၊၁၀း၅-၁၀။ ယော၊၄း၃၄။

1. တစ်ပါးတည်းသော အသင်းတော်သည် ဘုရားသခင်၏အလိုတော် ဖြစ်၍၊ အသင်းတော်၌ရှိသော ညီအစ်ကို၊ ညီအစ်မ တိုင်းသည် ဘုရားသခင်၏အလိုတော် ဖြစ်သည်။ ထို့ကြောင့် ကားတိုင်ထမ်းရန်မှာ အသင်းတော်ကို ထမ်းရန် ဖြစ်၍ သန့်ရှင်းသူများအားလုံးကို ထမ်းရန် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့၌ စစ်မှန်သော တစ်လုံးတစ်ဝ ရှိလိမ့်မည် ဖြစ်သည် - ဧ၊ ၄း၁-၃။ ၁ကော၊၁း၁၀။ ဖိ၊ ၂း၂။

2. အတ္တကို အပြည့်အဝ ငြင်းပယ်၍ အတ္တကိုဗဟိုပြုခြင်းမရှိဘဲ ကိုယ်ခန္ဓာတော်ကို အလယ်ဗဟိုထားခြင်း ရှိသောအခါ၊ ဘုရားဆိုင်ရာ ဘုန်းတော်၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းကို သိနားလည်လာကြမည် ဖြစ်သည် - ယော၊၁၇း၂၁-၂၃။ ၁ကော၊ ၁၂း၂၄-၂၅။

3. ကားတိုင်သည် ကျွန်ုပ်တို့၏ အပြင်ပိုင်း ပတ်ဝန်းကျင်၌ရှိသော ဘုရားသခင်၏ အလိုတော်နှင့် ကျွန်ုပ်တို့၏ အတွင်းပိုင်း ဖြစ်ခြင်း၌ရှိသော ယေရှု၏ သေစေခြင်းတို့ဖြစ်၍ ၎င်းသည် ကျွန်ုပ်တို့၏ ဇာတိလူကို သေစေရန် အတူတကွ လုပ် ဆောင်၍ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်ဖြင့် ကျွန်ုပ်တို့အား အသစ်စီမံပေးသည် - ၂ကော၊ ၄း၁၀-၁၂၊ ၁၂း၇-၁၀၊ ၁၃း၃-၄။

4. ကိုယ်ခန္ဓာတော်အလို့ငှာ ကားတိုင်ကို ယူဆောင်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်၏ ငြိမ်သက်ခြင်း အုပ်စိုးစေရန်၊ အပြစ်ခွင့်လွှတ်တော်မူသော သခင်ကို ကျွန်ုပ်တို့၏ အသက်အဖြစ် ယူဆောင်ရန်၊ သခင်ဘုရား၏ ယုံကြည်သူများကို လက်ခံရန်နှင့် ကွဲပြားခြင်းကို ဖြစ်စေ၍ သေခြင်းကို ပုံ့နှံ့စေသောသူများမှ ကျော်ခိုင်းခြင်းရှိရန် ဖြစ် သည် - ကော၊၃း၁၂-၁၅။ သု၊၂၅း၁၅၊ ၂၀၊ ၂၆။ ရော၊၁၅း၇၊ ၁၆း၁၇။ စာရင်း၊၆း၆-၇။ ဝတ်၊၅း၂။

D. ကျွန်ုပ်တို့သည် အသင်းတော် အသက်တာ၌ရှိသော ပြဿနာများ အားလုံး၏ အဖြေဖြစ်လာစေရန် ကားတိုင်၌ အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်ကို အသက်ပေးသော ဝိညာဉ်တော်အဖြစ် မွေ့လျော်ဝမ်းမြောက်ကြရမည် - ၁ကော၊ ၁း၉။ ၂း၂။ ၁၅း၄၅၊ ၅၈။

E. ကျွန်ုပ်တို့သည် ကားတိုင်၌ အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်ကို အသက်ပင်အဖြစ် စားသုံး၍ ကိုယ်တော်ကို နေ့ရက်စဉ်တိုင်း ကျွန်ုပ်တို့၏ ''ပဋိဇီဝဆေး''အဖြစ် ယူဆောင်ကြရမည် - ဗျာ၊ ၂း၇။ ၁ပေ၊ ၂း၂၄၊ ၃း၁၈။ ယော၊ ၆း၅၇။

F. ကျွန်ုပ်တို့သည် ကားတိုင်၌ အသေခံ၍ ကန့်သတ်ခံရသော ယေရှုကို ဂျုစပါး၏မြေအဖြစ်လည်းကောင်း၊ ရှင်ပြန်ထမြောက် ၍ အကန့်အသတ်မဲ့သော ခရစ်တော်ကို မုယောစပါး၏မြေအဖြစ်လည်းကောင်း မွေ့လျော်ဝမ်းမြောက်ကြရမည် - တရား၊ ၈း၈။ ယော၊ ၁၂း၂၄၊ ၆း၉။

G. ကျွန်ုပ်တို့သည် ကားတိုင်၌ အသေခံသော ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာကျောက်အဖြစ် ကိုယ်တော်ကို သောက် သုံးခြင်းအားဖြင့်လည်းကောင်း၊ သန့်ရှင်းရာဌာနတော်နှင့်ဆိုင်သော ဒုစရိုက်အပြစ်မှ ကျွန်ုပ်တို့အား ကယ်တင်ရန် ရှင်ပြန်ထ

မြောက်ခြင်းခ္ဒ်ရှိသော အသက်ရေအဖြစ် ကိုယ်တော့်ကို စီးထွက်ခြင်းအားဖြင့်လည်းကောင်း မွေ့လျော်ဝမ်းမြောက်ကြရမည် - ၁ကော၊၁၀း၄။ ယော၊၁၉း၃၄။ ထွ၊၁၇း၆။ စာရင်း၊ ၂၀း၈၊ ၁၈း၁။ ယေ၊၂း၁၃။ ယော၊၇း၃၇-၃၉။ ယေဇ၊၄၇း၁။ ဗျာ၊၂၂း၁။

H. ကျွန်ုပ်တို့သည် ကားတိုင်ခ္ဒ် အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်ကို ကျွန်ုပ်တို့၏ ကိန်းဝပ်ရာ၊ ပုန်းခိုရာအရပ်၊ အမြင့်ဆုံးသောအရှင်၏ လျှို့ဝှက်ရာနေရာအဖြစ် ယူဆောင်ကြရမည် - သီ၊ ၂း၁၄။ ဆာ၊၉၀း၁။ ဓ၁း၁။ ၃၁း၂၀။ ၈၃း၃။ ဟေရှာ၊ ၃၂း၂။ ထွ၊၃၃း၂၂။ ညွှန်း၊ မ၊၆း၆။ ယော၊ ၁၄း၂၃။

I. ရွှပ်ထွေးရောနှောနေသော အခြေအနေများ၏ အလယ်မှ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စင်ကြယ်၍ ယုံကြည်ကိုးစားသော သာမန်အသက်တာဖြင့် အသက်ရှင်ရန် လိုအပ်သည် - သီ၊ ၂း၂။ ၁ဘုရင်၊ ၇း၁၇-၂၀။ မဿဲ၊ ၆း၂၈။

J. ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ မှီခိုမှုကင်းသည်ဟု ကြွေးကြော်သော စာတန်နှင့်စိတ် နှစ်ခုစလုံး၏ ကိုယ်ထင်ရှားခြင်းဖြစ်သော အတ္တကို ငြင်းပယ်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို အဆက်မပြတ် လေ့ကျင့်ကြရမည် - ရော၊ ၁း၉။ မဿဲ၊ ၁၆း၂၂-၂၄။

K. ကျွန်ုပ်တို့သည် ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းများအဖြစ် ဘုရားဆိုင်ရာ ကောင်းမြတ်ခြင်းများကို ရှင်ထွက်၍ ဘုရားဆိုင်ရာ အသက်ကို ထင်ရှားရန် ကားတိုင်ခ္ဒ် အသေခံခဲ့သော အသက်ကို အသက်ရှင်ခဲ့သော သခင်ယေရှု၏ စံနမူနာ နောက်သို့ လိုက်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ အတွင်းကျသည့် စံနမူဖြစ်သော ကိုယ်တော့်နောက်လိုက်ရန်ဆိုသည်မှာ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ယေရှု၏ စံနှုန်းများကို ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ ယူဆောင်ရန် ဖြစ်သည် - ယော၊ ၅း၃၀။ ၁ပေ၊ ၂း၂၁။ ဂလ၊၆း၁၇-၁၈။

L. ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အစေခံကြရမည်ဖြစ်၍ ကျွန်ုပ်တို့ ကိုယ်တိုင်ခ္ဒ် ယုံကြည်စိတ်ချမှုမရှိရပါ - ဖိ၊၃း၃။ ၁သက်၊၃း၁၃။ ၂ကော၊၄း၅။ ၁ကော၊၁၀း၃၁။ ညွှန်း၊ သု၊ ၂၅း၅။ ၂၈း၂၅-၂၆။ ၂၉း၃၃။

M. ကျွန်ုပ်တို့သည် ကားတိုင်ခ္ဒ် အသေခံခဲ့သော ခရစ်တော်၏ရူပါရုံကို မြင်ရမည်ဖြစ်၍ ကျွန်ုပ်တို့အား ကုသပေးသောအရှင်နှင့် ကုသပေးသော တန်ခိုးအဖြစ် ရှင်ပြန်ထမြောက်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့၏ ခါးသီးသော ဖြစ်ခြင်းနှင့် ခါးသီးသော အခြေအနေတို့တွင် ခရစ်တော်၏ကားတိုင်ကို ယူဆောင်လျှောက်လှမ်းရမည်ဖြစ်သည်- ထွ၊ ၁၅း၂၂-၂၇။ ၁ပေ၊ ၂း၂၄။ ဗျာ၊၂း၇။ မ၊၉း၁၂။

N. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ စီမံကိန်းအတွက် ဘုရားဆိုင်ရာ ဝေဌဖြန့်ဖြူးခြင်းခ္ဒ် ကျန်ရှိနေရန် သေစေခြင်းနှင့် ရှင်ပြန်ထမြောက်စေသော အသက်၏ဝိညာဉ်တော်တရားကို ''ဖွင့်ထား'' ရမည်ဖြစ်၍ ကျွန်ုပ်တို့ကိုယ်ကို သခင်ဘုရားနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ထိတွေ့ခြင်းရှိရမည်ဖြစ်သည် - ရော၊ ၈း၂၊ ၁၀၊ ၆၊ ၁၁၊ ၁၃။

VI. ကားတိုင်နှင့် ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ဆင့် အတ္တမှ ကျွန်ုပ်တို့လွတ်မြောက်ခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သော အသက်၏ ကြွယ်ဝခြင်းကို တွေ့ကြုံခံစားကြသည်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစား၍ မွေ့လျော်ဝမ်းမြောက်ကြသည်၊ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ အသက်၌ ကြီးထွားလာကြသည်၊ ကျွန်ုပ်တို့သည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှတစ်ဆင့် လှပစေခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်ကို သိခြင်းရှိလာကာ၊ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်မှတစ်ဆင့်၊ ကိုယ်ခန္ဓာတော်အတွက် အသက်ရှင်ကြခြင်း ဖြစ်သည် - ဖိ၊ ၃း၁၀။ ကော၊ ၂း၁၉။ ရော၊ ၁၂း၄-၅၊ ၁၅။ ၁ကော၊ ၁၂း၁၂-၂၇။

© 2026 Living Stream Ministry

Message Three

သီချင်းတကာ့သီချင်း၏ တတိယအဆင့် -
ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်အဖြစ် တက်ကြွခြင်း၌ အသက်ရှင်ရန် ခေါ်ခြင်းခံရခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၁၃း၆-၅း၁

I. သူမ၏တွေ့ကြုံခံစားခြင်း၏ တတိယအဆင့်၌၊ ခရစ်တော်၏ချစ်သူသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်အဖြစ် ခရစ်တော်၏ တင့်တယ်လှပသော ချစ်သူဖြစ်လာစေရန် တက်ကြွခြင်း၌ အသက်ရှင်ရန် ခေါ်ခြင်းခံရသည် - သီ၁း၆-၅း၁။

II. ''ငါနှင့်အတူ လေဗနုန်မှ လာပါ၊ ငါ၏ သတို့သမီး။ / ငါနှင့်အတူ လေဗနုန်မှ လာပါ။ / အာမန တောင်ထိပ်မှ၊ / ရှနိရနှင့် ဟေရမုန် တောင်ထိပ်မှ၊ / ခြင်္သေ့တွင်းများမှ၊ / ကျားသစ်နေရာ တောင်များမှ ကြည့်ရှုပါ'' - ၄း၈။

A. ခရစ်တော်သည် မိမိ၏ကားတိုင်၌ တည်နေရန် သူမအား ခေါ်တော်မူခဲ့သကဲ့သို့၊ ကိုယ်တော်၏တက်ကြွခြင်း၌ ကိုယ်တော်နှင့် အတူ အသက်ရှင်ရန် ကိုယ်တော်၏ ချစ်သူးအား ခေါ်တော်မူသည် - ၂း၁၄။

1. ခရစ်တော်သည် မိမိ၏သတို့သမီးဖြစ်သော မိမိ၏ချစ်သူအား ကိုယ်တော်၏တက်ကြွခြင်း(လေဗနုန်)၊ သမ္မာတရား၏အမြင့်ဆုံးနေရာ (အာမန)နှင့် ကိုယ်တော်၏ တိုက်ခိုက်ခြင်း၌ ခရစ်တော်၏ အောင်နိုင်ခြင်း (ရှနိရ၊ "ပျော့ပျောင်းသော လက်နက်စုံ"ဟု အဓိပ္ပာယ်ရခြင်းနှင့် ဟေရမုန်၊ "ဖျက်ဆီးခြင်း"ဟု အဓိပ္ပာယ်ရခြင်း)၊ ရန်သူများ၏ ကောင်းကင်ဆိုင်ရာ နေရာများ (ခြင်္သေ့တွင်းများနှင့် ကျားသစ်များ)မှ နေ၍ ကိုယ်တော်နှင့်အတူ ကြည့်ရှုရန် တောင်းဆိုတော်မူသည်။
2. ခရစ်တော်၏ချစ်သူသည် တက်ကြွခြင်း၌ အသက်ရှင်သောအခါ၊ သူမနှင့် ခရစ်တော်သည် စုံတွဲတစ်တွဲ ဖြစ်လာရန် တစ်ခုတည်းသော အခြေအနေဖြစ်သည့် တက်ကြွခြင်း၏အခြေအနေ၌ အသက်ရှင်ခြင်းရှိကြသည်။ သူတို့သည် အသက်နှင့် သဘောသဘာဝ၌ အတူတူပင်ဖြစ်၍၊ တစ်ဦးနှင့်တစ်ဦး စုံလင်သော လိုက်ဖက်ညီခြင်း ရှိသည်။

B. တက်ကြွခြင်း၌ အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အဆက်မပြတ် အသက်ရှင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်သောအခါ ကောင်းကင်များ၌ တက်ကြွခဲ့သော ခရစ်တော်နှင့် ပေါင်းစည်းဆက်နွယ်ခြင်း ရှိကြသည် - ဧ၂း၂၂။ က၂၈း၁၂-၁၇။ ယော၁း၃၁။ ဗျာ၁၄း၁-၂။ ဟေဗြဲ၁၄း၁၂၊ ၁၆။

C. ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ်တို့၏ ကိန်းဝပ်ရာနေရာအဖြစ် ယူဆောင်လျက် အမြင့်ဆုံးသောအရှင်၏ လျှို့ဝှက်ရာ နေရာ၌၊ တက်ကြွခဲ့သော ခရစ်တော်၌ မိမိကိုယ်ကို ပုန်းကွယ်ရန် သင်ယူရမည် - ဆာ၉၁း၁၊ ၁၄-၁၆။ ညွှန်း၊ သီ၂း၁၄။

1. ဘုရားသခင်ကို ကျွန်ုပ်တို့၏ထာဝရကိန်းဝပ်ရာအနေရာအဖြစ် ယူဆောင်ခြင်းသည် ဘုရားသခင်ကို အမြင့်မားဆုံးနှင့် အပြည့်ဝဆုံးသော တွေ့ကြုံခံစားခြင်း ဖြစ်သည် - ဆာ၉၀း၁-၂။
2. ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ကိန်းဝပ်ရာနေရာအဖြစ် ယူဆောင်ပါက၊ မြေကြီးပေါ် ရှိ ကျွန်ုပ်တို့ အသက်တာ၏ သက်တမ်းသည် တိုတောင်းပြီး၊ အပြစ်များနှင့် ဆင်းရဲဒုက္ခများဖြင့် ပြည့်နှက်နေကြောင်း နားလည်သဘော ပေါက်လာလိမ့်မည်ဖြစ်သည် - အငယ်၊၃-၁၂။
3. ကိုယ်တော်၏အပြင်ဘက်၌ အပြစ်များနှင့် ဆင်းရဲဒုက္ခများ ရှိသောကြောင့်၊ ကျွန်ုပ်တို့သည် မိနစ်တိုင်း ဘုရားသခင်၌ ကိန်းဝပ်ရန်၊ ကိုယ်တော်၌ အသက်ရှင်ရန် လိုအပ်သည် - အငယ်၊၈။ ယော၁၆း၃၃။
4. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေထိုင်ခြင်းအားဖြင့် ဘုရားသခင်၌ ကိန်းဝပ်နေထိုင်ကြသည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌နှင့် အသင်းတော်၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏လှုပခြင်းကို မျှော်ကြည့်နိုင်ပြီး၊ တင့်တယ်လှပသော ဖန်ဆင်းခြင်းအသစ်ဖြစ်လာရန် ကိုယ်တော်၏လှုပခြင်းကို ဖြည့်သွင်းနိုင်ကြသည် - ဧ၂း၂၂။ ရော၈း၆။ ဆာ၂၇း၄။ ဟေရာ၆၀း၇ခ။ ၆၂း၃။ သီ၃း၁၁။ သု၁၂း၄က။

III. ''ရှင်ဘုရင် ရှောလမုန်သည် ဝေါဟာဉ်တော်ကို / လေဗနုန်သစ်သားဖြင့် ကိုယ်တိုင် လုပ်တော်မူ၏။/တိုင်တို့ကို ငွေဖြင့်လည်း ကောင်း၊/ထိုင်ခုံကို ခရမ်းရောင်ကမ္မလာဖြင့်လည်းကောင်း ပြီးစေတော်မူ၏။/အတွင်းကိုမူကား၊ ယေရှုရှလင်မြို့သမီးတို့ထံမှ/ မေတ္တာနှင့် ချယ်လှယ်ကြပြီ" - သီ၊၃း၉-၁၀။

A. ကျွန်ုပ်တို့၌ ဝိညာဉ်တော်၏ပုံသဏ္ဌာန်ပြောင်းလဲခြင်း အလုပ်အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏လှုပ်ရှားမှုအတွက်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏လှုပ်ရှားသော တန်ဆာပလာ၊ ခရစ်တော်၏ ဝေါဟာဉ်တော်၊ ခရစ်တော်၏ "ကား" ဖြစ်လာကြသည် - အညွှန်း၊ ၂ကော၊၃း၁၂-၁၇။

B. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းဖြင့် ပြန်လည်တည်ဆောက်ခံရသောကြောင့် ကျွန်ုပ်တို့၏ အပြင်ပိုင်း ဖွဲ့စည်းတည်ဆောက်ပုံသည် ရှင်ပြန်ထမြောက်၍ တက်ကြွခဲ့သော ယေရှု၏လူသားဇာတိဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းပိုင်း တန်ဆာဆင်မှုမှာ သခင်ဘုရားအတွက် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာ ဖြစ်သည် - သီ၊၃း၉-၁၀။

1. ကိုယ်တော်ကိုယ်တိုင်အတွက် ကျွန်ုပ်တို့အား ဝေါဟာဉ်တော်ဖြစ်စေသောသူမှာ ကျွန်ုပ်တို့၏ရှင်ဘုရင် ရှောလမုန်တည်း ဟူသော ခရစ်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏တာဝန်မှာ ကိုယ်တော်ထံသို့ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို ဆက်ကပ်ပူဇော်ရန်နှင့် ကိုယ်တော်ထံသို့ မိမိတို့ကိုယ်ကို လိုလားဆန္ဒရှိစွာ ဆက်ကပ်ပူဇော်ရန်ဖြစ်သည် - ယော၊၂း၁၅-၁၇။ ဆာ၊၁၁၀း၃။
2. ကျွန်ုပ်တို့၏အတွင်းဖြစ်ခြင်းသည် ''မေတ္တာနှင့် စီခြယ်"ထားသည် (သီ၊၃း၁၀)။ သခင်ဘုရားကို ချစ်ခြင်းသည် ခရစ်တော်ကို ကျွန်ုပ်တို့၏လူသားဇာတိအဖြစ် ပိုင်ဆိုင်သော နယ်ပယ်အဝန်းအဝိုင်း၌ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးပြီး၊ ကိုယ်တော်၏ချစ်ခင်ကြင်နာမှု၏ချုပ်နှောင်မှုအောက်တွင် ကျွန်ုပ်တို့၏လူသားဇာတိကို ကာကွယ်စောင့်ရှောက်ပေးသည် - ၂ကော၊၅း၁၄။

C. တစ်ဦးချင်းဆိုင်ရာ၊ ချစ်ခင်မြတ်နိုးခြင်း၊ သီးသန့်ဖြစ်ခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာ နည်းလမ်း၌ သခင်ဘုရားကို ကျွန်ုပ်တို့ ချစ်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းသည် ဖြိုဖျက်ခံရကာ၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏အုပ်စိုးမှု၌ ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ် ခရစ်တော်ကို ယူဆောင်သောအခါတွင် သားတော် ခရစ်တော်၏ ရွေးနုတ်ပေးသော သေခြင်း (ငွေဖြင့် ပြုလုပ်ထားသော တိုင်များ)၊ ခမည်းတော် ဘုရားသခင်၏ ဘုရားဆိုင်ရာ သဘောသဘာဝ(အခြေ)နှင့် ကျွန်ုပ်တို့အတွင်း၌ အိုပ်စိုးနေသော အသက်ပေးသော ဝိညာဉ်တော် (ခရမ်းရောင် ထိုင်ခုံ)ဖြင့် ပြန်လည်တည်ဆောက်ပေးခြင်း ခံရသည် - သီ၊၃း၁၀။ ညွှန်း၊ ရော၊၈း၂၈-၂၉။ ၂ကော၊၄း၁၆-၁၈။

IV. ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်အဖြစ် တက်ကြွခြင်း၌ ကျွန်ုပ်တို့ အသက်ရှင်ခြင်းမှတစ်ဆင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ခရစ်တော်၏ သီးသန့် ဥယျာဉ်ဖြစ်လာကြသည် - သီ၊၄း၁၀-၁၅။

A. "ငါ့နှမ၊ ငါ့သတို့သမီး၊ သင်၏မေတ္တာသည် အလွန်နှစ်မြို့ဖွယ် ကောင်းပေ၏။/ သင်၏ မေတ္တာသည် စပျစ်ရည်ထက် အထူးသဖြင့် ကောင်းပေ၏။ / သင့်နံ့သာဆီ၏ အမွှေးအကြိုင်သည် / နံ့သာမျိုးတကာတို့ထက် သာပေ၏" - အဇ၊၁၀။

1. ရှာဖွေသူက သခင်ဘုရား၏မေတ္တာသည် စပျစ်ရည်ထက် *ကောင်း*ကြောင်း ပြောဆိုထားသော်လည်း၊ သခင်ဘုရားက ရှာဖွေသူ၏မေတ္တာသည် စပျစ်ရည်ထက် *အထူးသဖြင့် ကောင်း*ကြောင်း ပြေဆိုထားသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ မေတ္တာကို တန်ဖိုးထားသော်လည်း၊ ကျွန်ုပ်တို့အပေါ် ကိုယ်တော်၏ချစ်ခြင်းသည် မည်မျှပင် တန်ဖိုးရှိကြောင်း ကျွန်ုပ်တို့ နားမလည်နိုင်ကြပါ။ ဤသည်မှာ ကျွန်ုပ်တို့ကို ချစ်တော်မူခြင်း၌ပင် ကိုယ်တော်သည် ပထမနေရာတွင် ထားရှိကြောင်း ပြသသည် - ညွှန်း၊ ၁း၂။ ရော၊၈း၃၇။ ၂ကော၊၅း၁၄။

2. သခင်ဘုရားကို ချစ်ခြင်းအားဖြင့် ရှာဖွေသူသည် ဝိညာဉ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းခံရကာ၊ ဝိညာဉ်တော်ကို ဝန်ခံခြင်း၌ ဝိညာဉ်တော်အားဖြင့် ပုံသွင်းခြင်းကို ခံရသဖြင့်၊ ခရစ်တော်၏ မျှော်ကြိုင်သော ရနံ့ကို ထွက်ပေါ်စေရုံသာမက၊ ခရစ်တော်၏မျှော်ကြိုင်သော ရနံ့လည်း ဖြစ်လာသည် - သီ၊၄း၁၀ခ၊ ၁၁ခ။ ယော၊၁၂း၃။ ၂ကော၊၂း၁၅။

B. "ငါ့သတို့သမီး၊ သင်၏နှုတ်ခမ်းသည် လတ်ဆတ်သော ပျားရည်ကဲ့သို့ တစ်စက်တစ်စက် ကျတတ်၏" - သီ၊၄း၁၁က။

1. တရိစ္ဆာန်အသက်နှင့် အပင်အသက်နှစ်ခုစလုံး ရောနှောပေါင်းစည်းနေသော နို့နှင့် ပျားရည်သည် ခရစ်တော်၏ အသက်ဆိုင်ရာ ရှုထောင့်နှစ်ခု - ရွေးနုတ်ခြင်းဆိုင်ရာ ရှုထောင့်နှင့် အသက်ဖြစ်ပေါ်ခြင်းဆိုင်ရာ ရှုထောင့်တို့ ဖြစ်ကြသည် - တရား၊စ၊ ၃၂း၁၃-၁၄။ ယော၊၁း၂၉။ ၁၂း၂၄။ မ၂၆း၂၆-၂၈။
2. အထူးသဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်၌ အားနည်းနေချိန်တွင် ကိုယ်တော်ကို တွေ့ကြုံခံစားရန်နှင့် ယူဆောင်လျှောက်လှမ်းရန် သခင်ဘုရားထံသို့ လာရောက်သောအခါ ကိုယ်တော်သည် ခရစ်တော်အသက်၏ကြွယ်ဝခြင်းနှင့် ချို့မြိန်ခြင်းတည်းဟူသော နို့နှင့် ပျားရည်ဖြစ်ကြောင်း ကျွန်ုပ်တို့ အာရုံခံစားရသည် - ၂ကော၊၁၂း၉-၁၀။
3. ပျားရည်သည် ထိခိုက်ဒဏ်ရာရသူများကို ပြန်လည်ကောင်းမွန်စေပြီး၊ နို့သည် လူသစ်များကို ကျွေးမွေးပေးသည်။ ရှာဖွေသူသည် သူမအတွင်း၌ ကြွယ်ဝမှုများစွာကို သိုလှောင်ထားသောကြောင့် အစာသည် သူမ၏လျာအောက်၌ ရှိသကဲ့သို့ဖြစ်ပြီး၊ သူမသည် လိုအပ်နေသူများကို မည်သည့်အချိန်၌မဆို ဝေငှပေးနိုင်သည် - ဟေရှာ၊၅၀း၄။ ဧ၊၄း၂၉။ ဆာ၊၄၅း၁-၂။
4. ဤချို့မြိန်ခြင်းသည် ညတွင်းချင်း ထုတ်လုပ်ခဲ့ခြင်းမဟုတ်ဘဲ၊ ကာလကြာရှည်စွာ စုဆောင်းခြင်း၊ အတွင်းပိုင်း လူပ်ရှားလုပ်ဆောင်ခြင်းနှင့် ဂရုတစိုက် သိုလှောင်ထားခြင်းတို့မှ ရရှိလာခြင်းဖြစ်သည် - ဥွန်း၊ ထွ၊၂၉း၃၀။ ဆာ၊၉၂း၁၄-၁၅။

V. "ငါ့နှမ၊ ငါ့သတို့သမီးသည် ဝင်းကာလ ဥယျာဉ်၊/ ကာရံသော စမ်းပေါက်၊ တံဆိပ်ခတ်သော စမ်းရေတွင်း ဖြစ်ပေ၏၊/ . . . ဥယျာဉ်များ၌ စမ်းရေ၊/ အသက်ရှင်သော စမ်းရေတွင်း၊/ လေဗနုန်တောင်က ချောင်းရေများလည်း ရှိကြ၏" - သီ၊၄း၁၂၊ ၁၅။

A. သူမ၏ ဝိညာဉ်ရေးရာ တိုးတက်မှုဆိုင်ရာ ဤအချက်တွင်၊ သခင်ဘုရားကို ချစ်သော ရှာဖွေသူသည် ခရစ်တော်၏ သီးသန့် ကျေနပ်နှစ်သက်မှုအတွက် ဥယျာဉ်တစ်ခု ဖြစ်လာခဲ့ပြီဖြစ်သည်။ သူမသည် ဖွင့်ထားသော ဥယျာဉ်မဟုတ်ဘဲ ပိတ်ထားသော ဥယျာဉ်၊ တံဆိပ်ခတ်ထားသော ဥယျာဉ်ဖြစ်သည်။ သူမ၌ ရှိသမျှအရာအားလုံးသည် အဆုံးစွန်အားဖြင့် အခြားမည်သူမျှအတွက် မဟုတ်ဘဲ သူမ ချစ်သူ၏ ဝမ်းမြောက်မှုအတွက် ဖြစ်သည်၊

1. ယုံကြည်သူများသည် အနည်းငယ်မျှ ပို၍ ပိတ်ထားပြီး ပို၍ တင်းကျပ်စွာ တံဆိပ်ခတ်ထားမည်ဆိုပါက၊ သူတို့၏အလုပ်သည် ပို၍ အောင်မြင်လိမ့်မည် ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် ကျေးဇူးတော် သက်ရောက်၍ ကားတိုင်အားဖြင့် ကျွန်ုပ်တို့၌ နက်ရှိုင်းစွာ အလုပ်လုပ်ခြင်း ရှိပါစေ၊ သို့မှသာ ကျွန်ုပ်သည် နက်ရှိုင်းစွာ အမြစ်စွဲခြင်းရှိပြီး၊ ဘုရားသခင်၏ တောင်းဆိုချက်များကို ပြည့်စုံစေရန်နှင့် ကိုယ်တော်၏စိတ်နှလုံးတော်ကို ကျေနပ်နှစ်သိမ့်စေရန်အလို့ငှာ ''လျှို့ဝှက်ရာ၌'' ပုန်းကွယ်သော အသက်တာကို အသက်ရှင်နိုင်မည် ဖြစ်သည် - မ၊၆း၆၊ ၁၃း၂၀-၂၁။
2. အသင်းတော်အသက်တာအတွက် ခရစ်ယာန်အသက်တာသည် နက်နဲရာ၌ရှိသော အသက်တာ၊ ''အောက်သို့ အမြစ်စွဲ၍ အထက်သို့ အသီးသီးသော'' အသက်တာဖြစ်သည် - ဟေရှာ၊၃၇း၃၁။

B. "ယေဟောဝါဘုရားသခင်သည်လည်း အရှေ့မျက်နှာ၊ ဧဒင်အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင်၊ ပုံသွင်းတော်မူသော လူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏" (က၊၂း၈)။ သမ္မာကျမ်းစာအရ၊ ဥယျာဉ်သည် ဘုရားသခင်၏ ပထမဦးဆုံးသော စဉ်းစားခြင်းဖြစ်သည်။ *ဧဒင်* ဆိုသည်မှာ ''သာယာကြည်နူးဖွယ်''ဟု အဓိပ္ပာယ်ရပြီး၊ ဘုရားသခင်သည် လူကို နှစ်သက်ဝမ်းမြောက်ခြင်းနှင့် ကျေနပ်အားရခြင်းရှိစေရန်နှင့် သူ့အား ပျော်ရွှင်စေလိုကြောင်းကို ပြသည် ။

C. အသင်းတော်အသက်တာသည် ဘုရားသခင်၏ဥယျာဉ်တော်၊ ဘုရားသခင်၏စိုက်ခင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကြီးထွားခြင်းနှင့်အတူ ကြီးထွားပြီး၊ ဘုရားသခင်၏တည်ဆောက်ခြင်းဖြစ်လာရန် ဘုရားသခင်၏ကြွယ်ဝခြင်းများနှင့်အတူ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိနိုင်သည် - အငယ်၊၈။ ကော၊၁း၁၀၊ ၂း၁၉။ ၁ကော၊၃း၉။ ဗျာ၊၂၂း၁-၂။ ဥွန်း၊ ထွ၊၂၅း၃၁-၃၂။

D. ဘုရားသခင်သည် လူကို ဥယျာဉ်၌ ''ပြုစုစောင့်ရှောက်စေခြင်းငှာ'' ထားတော်မူ၏ - က၊၂း၁၅။

1. လူသည် မြေကို ပြုစုရခြင်းမှာ ဘုရားသခင်၏ပုံသဏ္ဌာန်၌ ကိုယ်တော့်ကို ထင်ရှားရန်တည်းဟူသော ဘုရားသခင့်အကြံအစည်တော်၏ ပထမပုံပန်းသဏ္ဌာန် ပြည့်စုံခြင်းအတွက်၊ အထူးသဖြင့် အသက်ပင် ကြီးထွားလာနိုင်ရန်အတွက် ဖြစ်

သည်။ မြေကို ပြစုခြင်းသည် ခရစ်တော် ကြီးထွားနိုင်သည့် ကောင်းသော မြေဖြစ်လာစေရန် ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းရန် ဖြစ်သည် - ၁း၂၆။ မ၊၁၃း၃-၂၃။

2. လူသည် မြေကို စောင့်ကြပ်ခြင်းမှာ လူက ဘုရားသခင်၏ အခွင့်အာဏာတော်အားဖြင့် စာတန်ကို ဆက်ဆံဖြေရှင်းရန် တည်းဟူသော ဘုရားသခင့်အကြံအစည်တော်၏ ဒုတိယပုံပန်းသဏ္ဌာန်ကို ပြည့်စုံစေရန်အတွက် ဘုရားသခင်၏ ရန်သူထံမှ ဥယျာဉ်ကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ မြေကို စောင့်ကြပ်ခြင်းမှာ ကောင်းမကောင်းသိကျွမ်းရာအပင်၊ သေခြင်း၏အပင်တည်းဟူသော စာတန်အတွက် တံခါးမပွင့်စေရန် ဖြစ်သည် - က၊၁း၂၆ခ။ ၂ကော၊၅း၄။ ၁၁း၃။ ၁ကော၊ ၁၅း၂၆။ ညွှန်း၊ ဝတ်၊၅း၂။

E. ကျွန်ုပ်တို့သည် ခရစ်တော်၏ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက် ကြသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်း ဖြစ်တော်မူ၏၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံမှ အရာခပ်သိမ်းကို မွေ့လျော်ဝမ်းမြောက်နိုင်မည် ဖြစ်သည် - သီ၊၁း၁၂-၁၄၊ ၄း၁၂-၁၄၊ ၅း၁။

F. ဤဥယျာဉ်၌ အသက်ရေ၏ စမ်းရေနှင့် စမ်းရေတွင်း ရှိကြ၏။ ခမည်းတော် ဘုရားသခင်သည် စမ်းရေဖြစ်၍၊ သားတော် ဘုရားသခင်သည် စမ်းရေတွင်းဖြစ်ကာ၊ ဝိညာဉ်တော် ဘုရားသခင်သည် စီးဆင်းသော ချောင်းရေ ဖြစ်တော်မူသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ယေရှုရှလင်မြို့သစ်ဖြစ်လာရန် ကျွန်ုပ်တို့အတွက် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်နိုင်မည် ဖြစ်သည် - ၄း၁၅။ ယော၊၄း၁၄ခ။

G. "အို မြောက်လေ၊ နိုးပါ။ / အို တောင်လေ၊ လာပါ။ / ငါ့ဥယျာဉ်အပေါ်သို့ တိုက်ခတ်ကြပါ။ / မွှေးကြိုင်သော အနံ့သည် ပျံ့လှိုင်ပါစေ" - သီ၊၄း၁၆က။

1. မြောက်လေ (အေးစက်ခြင်း၊ ကြမ်းတမ်းခြင်း၊ ခါးသီးခြင်းနှင့် အခက်အခဲ)နှင့် တောင်လေ (နွေးထွေးခြင်း၊ ညင်သာခြင်း၊ လန်းဆန်းခြင်းနှင့် သာယာခြင်း) တို့သည် သခင်ဘုရားက သူတို့၏ လုံလောက်ပြည့်စုံခြင်း လျှို့ဝှက်ချက်အဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ယုံကြည်သူများကို လေ့ကျင့်ပေးရာ၌ အသုံးပြုသော မတူညီသည့် ပတ်ဝန်းကျင်နှစ်ခု ဖြစ်ကြသည် - ဖိ၊၄း၁၁-၁၃၊ ၅-၇၊ ၁း၂၀။

2. သခင်ဘုရား၏ ရှာဖွေသူက ပြဿနာအားလုံးသည် အပြင်ဘက်မှ လာခြင်းမဟုတ်ဘဲ အတွင်းပိုင်းမှ လာခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်ခြင်း ရှိသည်။ သူမသည် သုံးပါးတစ်ပါးဘုရား၏မျက်မှောက်တော်ဖြစ်သော ဝိညာဉ်တော်ဖြင့် ပြည့်ဝနေသမျှကာလပတ်လုံး မည်သည့်ပတ်ဝန်းကျင်၌မဆို ပျော်ရွှင်စွာ အသက်ရှင်နိုင်ပြီး ခရစ်တော်ကို ထင်ရှားနိုင်ကြောင်း သိရှိခဲ့သည်။

© 2026 Living Stream Ministry

Message Four

သီချင်းတကာ့သီချင်း၏ စတုတ္ထအဆင့် -
ကန့်လန့်ကာအတွင်း၌ အသက်ရှင်ရန် ပို၍ခိုင်မာစွာ ခေါ်ခြင်းခံရခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၊၆း၄က၊ ၁၃

I. ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ဖန်ဆင်းခြင်းအသစ်အဖြစ် ခရစ်တော်၏တက်ကြွခြင်း၌ သူမ၏အသက်ရှင်ခြင်းမှတစ်ဆင့်၊ ခရစ်တော်၏ချစ်သူသည် ခရစ်တော်အသက်၏ကြွယ်ဝခြင်းများ၌ ရင့်ကျက်ခြင်းရှိလာသည်၊ သို့မှသာ သူမသည် ခရစ်တော်၏ဥယျာဉ်တော်ဖြစ်လာရုံသာမကဘဲ(သီ၊၄း၁၂-၅း၁၊၆း၂)၊ တိရစ္ဆာဖြင့်ပုံဆောင်သော ဘုရားသခင်၏သန့်ရှင်းရာဌာနနှင့် ယေရှုရှင်လင်ဖြင့် ပုံဆောင်သော လုံခြုံရာအကာအကွယ်လည်း ဖြစ်လာပါသည် (အငယ် ၄က)။

A. "ငါ့ချစ်သူ၊ သင်သည် တိရစ္ဆာကဲ့သို့လှ၏။ ယေရှုရှင်လင်ကဲ့သို့ ချစ်ဖွယ်ကောင်း၏"ဟု ကြွေးကြော်လျက် ဘုရင်သည် သူ၏ချစ်သောရှာဖွေသူအား သူမ၏လှပခြင်းအတွက် ချီးမွမ်းပြောဆိုထားပါသည် - အငယ် ၄က။

B. အစ္စရေးဘုရင်များ၏ မြို့တော်နှင့် ဘုရင်များ၏နန်းတော်တည်နေရာ (၁ဘုရင်၊၁၄း၁၇။ ၁၆း၂၃) တိရစ္ဆာမြို့သည် ဤနေရာတွင် အပေါင်းလက္ခဏာဆိုင်ရာသဘော၌ ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်၊ ရှင်ဘုရင်တည်းဟူသော ဘုရားသခင်၏ ကိန်းဝပ်ရာနေရာကို ပုံဆောင်သည်။ သန့်ရှင်းသောမြို့တည်းဟူသော ယေရှုရှင်လင်မြို့သည် ယုဒပြည်၏မြို့တော်၊ မြေကြီးပေါ်၌ ဘုရားသခင်ကိန်းဝပ်နေရာတည်းဟူသော ဗိမာန်တော်၏ လုံခြုံရာနေရာ ဖြစ်သည်။

C. ဓမ္မဟောင်း၌ ဘုရားသခင်၏တည်ဆောက်ခြင်းကို တိရစ္ဆာမြို့နှင့် ယေရှုရှင်လင်မြို့အားဖြင့် ပုံဆောင်ထား၍၊ ဓမ္မသစ်၌ ဤတည်ဆောက်ခြင်းသည် အသက်ဆိုင်ရာ ခရစ်တော်၏ ကိုယ်ခန္ဓာတော် ဖြစ်သည်။ အဆုံးစွန်အနေဖြင့် ခရစ်တော်၏သတို့သမီး (ဧ၊၅း၂၅-၃၂) ဖြစ်သော အသက်ဆိုင်ရာခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက် ခြင်းသည် ဘုရားသခင်နှင့် ကိုယ်တော်၏ရွေးနှုတ်ခံများ ထာဝရကာလ၌ အပြန်အလှန်ကိန်းဝပ်ရာနေရာ (ဗျာ၊၂၁း၂-၃၊၁၆၊၂၂) ဖြစ်လာမည့် အသန့်ရှင်းဆုံးဌာန၏ ပြီးမြောက်ပြည့်စုံခြင်း တည်းဟူသော သန့်ရှင်းသောမြို့တော်၊ ယေရှုရှင်လင်မြို့သစ်ဖြင့် ပြီးမြောက်ပြည့်စုံလိမ့်မည် ဖြစ်သည်။

II. ခရစ်တော်၏ဥယျာဉ်ဖြစ်ရန်ဆိုသည်မှာ ခရစ်တော်အသက်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူရှိသော သဘောသဘာဝများ၌ ရှင်သန်ကြီးထွားနေရန် ဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်ဖြစ်လာရန် ဆိုသည်မှာ ခရစ်တော်အသက်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူ ကြီးရင့်ခြင်းသို့ ကြီးထွားခြင်း၌ တည်ဆောက်ခံရန် (ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းနှင့် ဆက်နွယ်ခြင်း) ဖြစ်သည် - ဧ၊၃း၈။ ၄း၁၂-၁၆။

A. ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်သည် ကောင်းကင်များ၌ ဖြစ်သော်လည်း၊ ၎င်းမှာ ကျွန်ုပ်တို့၏ အသွေးအသားအားဖြင့် ပုံဆောင်သော ကန့်လန့်ကာအားဖြင့် အပိုင်းနှစ်ပိုင်းခွဲထားပါသည် - ဟေဗြဲ၊၁၀း၁၉-၂၀။

B. ခရစ်တော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏သန့်ရှင်းရာဌာနတော်၌ရှိသော ကန့်လန့်ကာသည် ခရစ်တော်အသေခံသော အချိန်၌ စုတ်ကွဲသွားခဲ့သည် (မ၊၂၇း၅၁)။ သို့သော် ယုံကြည်သူများနှင့်စပ်လျဉ်း၍မူ ၎င်းသည် သူတို့အား ဘုရားသခင်၏ ဆက်ဆံဖြေရှင်းခြင်း၏ ရည်ရွယ်ချက်အတွက် ဆက်လက် တည်ရှိနေရခြင်း ဖြစ်သည်။

C. တမန်တော်ပေါလုသည် ခရစ်တော်၏အသက်၌ စတင်ကြီးထွားလာခဲ့ပြီး၊ ခရစ်တော်၏ တက်ကြွခြင်း၌ အသက်ရှင်နေခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့အား ထောင်လွှားခြင်းမရှိစေရန် သူ၏အသွေးအသား၌ ဆူးတည်းဟူသော စာတန်ထံမှ တမန်ကို သူ၌ခွင့်ပြုပေးခဲ့သည် (၂ကော၊၁၂း၇)။

ကိုယ်တော်၏စီမံကိန်းတွင် ရှေးဦးစွာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း အသက်နှင့်အတူ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသစ်မွေးဖွားပေးသည် (ယော၊၃း၆။ ရော၊၈း၁၀။ ၁ပေ၊၁း၃)။ ထို့နောက် ကိုယ်တော်သည် ကျွန်ုပ်တို့၏စိတ်အား အတွင်းပိုင်း ဧဝဖြစ်စဉ်အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲပေးပြီး၊ ခရစ်တော်နှင့် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအတွင်းတွင် အသစ်သောဒြပ်သဘာဝအဖြစ် ကျွန်ုပ်တို့၏ဖြစ်ခြင်းအတွင်းသို့ ယူဆောင်

ပေးကာ၊ ကျွန်ုပ်တို့၏ဟောင်းနွမ်းသော ဇာတိဆိုင်ရာ ဒြပ်သဘာဝတို့ကို တဖြည်းဖြည်းနှင့် လျော့နည်းစေသည် (၂ကော၊ ၃း၁၈။ ရော၊၈း၂)။ နောက်ဆုံးတွင် ကိုယ်တော်ပြန်ကြွလာသည့်အချိန်တွင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ခရစ်တော်၏ ဘုန်းတော်ကိုယ်ခန္ဓာအဖြစ်သို့ သဏ္ဌာန်တော်တူလာသည့်တိုင် အဆင်းသဏ္ဌာန်ပြောင်းလဲလာမည်ဖြစ်သည် (ဖိ၊၃း၂၁။ ရော၊ ၈း၂၃)။

III. ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်အဖြစ် ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်းကို ကျွန်ုပ်တို့တွေ့ကြုံခံစားပြီးနောက် ကျွန်ုပ်တို့၏ အသွေးသားကို ဆက်ဆံဖြေရှင်းခြင်း၌ ကားတိုင်ကို ပို၍ ပြင်းထန်စွာ တွေ့ကြုံခံစားခြင်းမှတစ်ဆင့် ကန့်လန့်ကာအတွင်း၌ အသက်ရှင်ရန် ကျွန်ုပ်တို့အား သခင်ဘုရား၏အဆုံးစွန်သောခေါ်တော်မူခြင်းကို လိုအပ်နေကြဆဲပင် ဖြစ်သည်။

A. ခရစ်တော်၏ချစ်သူသည် ကျေနပ်နှစ်သိမ့်ခြင်းရှိရန်အတွက် ကိုယ်တော့်နောက်သို့လိုက်သွားခဲ့ပြီးနောက်၊ သီချင်းတကာ့ သီချင်း၏ ပထမအဆင့်တွင် ၎င်းကို ရရှိခဲ့သည်။ ရှေးဦးစွာ ကိုယ်တော်သည် သူမအား မိမိကိုယ်ကို ပြန်လည်ဆန်းစစ်နေခြင်း အခြေအနေမှ ခရစ်တော်၏ကားတိုင်ကို တွေ့ကြုံခံစားခြင်းအားဖြင့် သူမ၏အတ္တမှ လွတ်မြောက်ရန် ခေါ် ခဲ့သည်။ ထို့နောက် သခင်ဘုရားသည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏ ဖန်ဆင်းခြင်းအသစ်အဖြစ် ကိုယ်တော်၏ တက်ကြွခြင်း၌ ဆက်လက်၍အသက်ရှင်ရန်ခေါ် ခဲ့သည်။ ယခုအခါ အဆုံးစွန်အနေဖြင့် သခင်ဘုရားသည် ခရစ်တော်၌ ကိုယ်ထင်ရှားခြင်းဖြစ်သော ပြီးမြောက်ပြည့်စုံသော ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သော အသန့်ရှင်းဆုံးဌာနတွင် အသက်ရှင်ရန် သူမကို ခေါ်နေပါသည် - ညွှန်း၊ ဟေဗြဲ၁၀း၂၂၊

1. ဘုရားသခင်၏စီမံကိန်းအရ၊ ကျွန်ုပ်တို့သည် မည်မျှပင်ကြီးထွားရင့်ကျက်၍ ဝိညာဉ်ရေးရာရှိလာပါစေ၊ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် အသက်ရှင်နေသရွေ့၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အဆင်း သဏ္ဌာန်ပြောင်းလဲခြင်း (ရော၊၈း၂၃။ ဖိလိ၊၃း၂၁) မရှိမီအထိ ကျွန်ုပ်တို့၌ ကန့်လန့်ကာတည်းဟူသော အသွေး အသားရှိနေဆဲဖြစ်သည်။
2. ကျွန်ုပ်တို့သည် နေ့တိုင်းကားတိုင်၏ ဆက်ဆံဖြေရှင်းခြင်းကို တွေ့ကြုံခံစားခြင်းအားဖြင့် ကန့်လန့်ကာကို ဖြတ်ကျော်ခြင်းအား သင်ယူရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနတည်းဟူသော ကန့်လန့်ကာ အတွင်းတွင် အသက်ရှင်နိုင်မည် ဖြစ်သည် - ၁ကော၊၁၅း၃၁။ လု၊၉း၂၃။
3. ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးအတွင်းသို့ ဝင်ရောက်သောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ဝင်ရောက်ခြင်းဖြစ်ပြီး၊ သန့်ရှင်းရာဌာနဖြစ်လာသည်။ ဤအာရုံခံစားမှု၌ ကျွန်ုပ်တို့သည် ဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာကြသည်။ စစ်မှန်သော ရှုလမိတ်အဖြစ် ကျွန်ုပ်တို့ သည် ''စစ်မှန်သောဘုရားသခင်နှင့် ထာဝရအသက်ဖြစ်တော်မူသော'' ခရစ်တော်၏ ပုံတူမူပွားနှင့် ပြန်လည်ထုတ်လုပ်ခြင်း ဖြစ်လာကြသည် - ၁ယော၊ ၅း၂၀။
4. အသန့်ရှင်းဆုံးဌာန၌ရှိသော သေတ္တာအတွင်းတွင် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အံ့သြဖွယ်ကောင်းသော အချက်သုံးချက်ရှိပါသည်။
   a. ရွှေအိုး၌ရှိသော ဝှက်ထားသောမန္နမုန့်သည် မစခြင်းအားလုံး၏ဘုရားဆိုင်ရာ အရင်းအမြစ်အဖြစ် ခမည်းတော် ဘုရားသခင်ကို ရည်ညွှန်းပါသည် - ထွ၊၁၆း၃၂-၃၄။ ဗျာ၊၂း၁၇က။
   b. အပွင့်ပွင့်သော လှံတံသည် ရှင်ပြန်ထမြောက်ခြင်းအဖြစ် ခရစ်တော်ကို ပုံဆောင်ပါသည်။ ဘုရားဆိုင်ရာသုံးပါး ဖြစ်ခြင်းအနက် ဒုတိယသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - စာရင်း၊၁၇း၁-၁၁။ ယော၊၁၁း၂၅။
   c. ပညတ်တော်ကျောက်ပြားများသည် ကျွန်ုပ်တို့၏ဝိညာဉ်ရှိအတွင်းပိုင်းတရားတည်းဟူသော အသက်၏ဝိညာဉ်တော်တရား (ရော၊၈း၂၊၁၀)ကိုရည်ညွှန်းပြီး၊ ပဋိညာဉ်တရားကို ရေးထားသော ကျောက်ပြားများအားဖြင့် ပုံဆောင်ပါသည် (ထွ၊ ၂၅း၁၆။ ၃၁း၁၈။ တရား၊၁၀း၁-၅။ ယော၊၃၁း၃၃)။
   d. ခမည်းတော်သည် ကျွန်ုပ်တို့၌ရှိကြောင်း(၈၊၄း၆)၊ သားတော်သည် ကျွန်ုပ်တို့၌ရှိကြောင်း (ကော၊၁း၂၇။ ၂ကော၊ ၁၃း၅)နှင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ရှိကြောင်းကို(ရော၊၈း၉) ကျွန်ုပ်တို့တွေ့မြင်ဖို့ရန်လိုအပ်ပါသည်။

e. ထို့ကြောင့် ခမည်းတော်၊ သားတော် နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် အသန့်ရှင်းဆုံးဌာန၌ကိန်းဝပ်နေကြသည်။ ကျွန်ုပ်တို့သည် လက်တွေ့ကျသော အသန့်ရှင်းဆုံးဌာနအဖြစ် ကျွန်ုပ်တို့၏ဝိညာဉ်အတွင်းသို့ ဝင်ရောက်သည့်အခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ဝင်ရောက်ခြင်းဖြစ်ပြီး၊ ခမည်းတော်ကို မစခြင်း၏အရင်းအမြစ်အဖြစ်၊ သားတော်ကို ရှင်ပြန်ထမြောက်ခြင်းအဖြစ်နှင့် ဝိညာဉ်တော်ကို အသက်၏တရားအဖြစ် တွေ့ဆုံကြသည်။

B. ၎င်းမှာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားတည်းဟူသော၊ အသန့်ရှင်းဆုံးသောဌာနတွင် အသက်ရှင်သော ခရစ်တော်၏ရှာဖွေသူများအားလုံးတို့သည် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားကို အပြည့်ဝဆုံးသောအတိုင်းတာအထိ မွေ့လျော်ဝမ်းမြောက်နိုင်သောနေရာဖြစ်သည်။ ဤသည်မှာ သီချင်းတကာ့သီချင်းတွင် တင်ဆက်ထားသည့် ခရစ်တော်၏ချစ်သူ တွေ့ကြုံခံစားခြင်း၌ အမြင့်ဆုံးအဆင့်ပင်ဖြစ်သည်။

IV. အဆုံးစွန်အနေဖြင့်၊ ရှောလမုန်၏ပုံတူမူပွားအဖြစ် အံ့သြဖွယ်ကောင်းသော ရှူလမိတ်ဖြစ်လာရန် ကျွန်ုပ်တို့သဏ္ဌာန်တော်တူညီလာခြင်းသည် ခရစ်တော်၏အဖော်အဖက်အဖြစ် ယေရှုရှလင်မြို့သစ်၏အကြီးမားဆုံးနှင့် အဆုံးစွန်သောရုပ်ပုံ ဖြစ်ပါသည် - ဗိုလ်၁၃။ ဗျာ၂၁း၂၊ ၉-၁၀။ ၂း၁၇က။

A. ရှင်ဘုရင် ရှောလမုန်သည် ကျေးတောသူကို ပိုးပန်းပြီး သူမကို သူ၏ပုံတူမူပွား၊ သူ၏ဘုရင်မဖြစ်စေဖို့ရန် ကျေးတောသားဖြစ်လာခဲ့သကဲ့သို့၊ ခရစ်တော်၌ ဘုရားသခင်သည် လူကိုပိုးပန်းပြီး ခရစ်တော်၏သတို့သမီးဖြစ်လာရန် ဦးခေါင်းအရာ၌ မဟုတ်ဘဲ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်ခြင်းတို့၌ လူကိုဘုရားဖြစ်စေရန် လူသားဖြစ်လာခဲ့သည် - မ၊ဧး၁၅။ ဗျာ၊၁၉း၇။ ညွှန်း၊ ဆာ၊၄၅း၁-၃၊ ၉၊ ၁၃-၁၄။

B. သမ္မာကျမ်းစာက ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပိုးပန်းရန် လူသားဖြစ်လာခဲ့ကြောင်းကို ဖွင့်ပြထားပြီး၊ ယခုတွင် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ တစ်ဦးချင်းဆိုင်ရာဖြစ်သော၊ ချစ်ခင်ကြင်နာသော၊ သီးသန့်ဖြစ်ခြင်းနှင့် ဝိညာဉ်ဆိုင်ရာဆက်ဆံရေးမှတစ်ဆင့် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကျွန်ုပ်တို့ ဘုရားဆိုင်ရာဖြစ်လာခြင်းအားဖြင့် ကိုယ်တော့်အား ပိုးပန်းရန် အလိုရှိပါသည် - ဒေ၊၁း၂။ သီ၊၁း၁-၈။ ညွှန်း၊ ၂ကော၊၂း၁၀။ ထွ၊၃၃း၁၁။ ရော၊၈း၄၊ ၆။ ၁ကော၊၂း၁၅။

C. *ရှူလမိတ်ဆိုသည်မှာ ရှောလမုန်၏ကွယ်ထွိလိင်အမျိုးအစားဖြစ်ပြီး*၊ ဆိုလိုသည်မှာ ယခုတွင် အောင်မြင်သူများသည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်အတွက် ဦးခေါင်းတော်အရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်ခြင်း၌ ခရစ်တော်ကဲ့သို့ ဖြစ်လာကြသည်။

D. ဘုရားသခင်၏အမြင်၌ ရှူလမိတ်သည် မိမိတို့၏အောင်နိုင်ခြင်းအပေါ်ကခုန်နေသော စစ်တပ်နှစ်တပ် သို့မဟုတ် တပ်စခန်းများနှင့် တူသည် (ဟေဗြဲ၊ မဟာနိမ်)။ ဘုရားသခင်၏ကောင်းကင်တမန်တို့နှင့် ဆုံတွေ့ပြီးနောက်၊ ယာကုပ်သည် သူ၏မိန်းမများ၊ ကလေးများနှင့် သူပိုင်ဆိုင်သော အရာအားလုံးကို ''စစ်တပ်နှစ်တပ်''အဖြစ် ခွဲထားခဲ့သည်-သီ၊၆း၁၃။ က၊၃၂း၁-၂။

1. ယာကုပ်သည် ဧသောကိုရင်ဆိုင်တွေ့ရန်လာသည့်လမ်းတွင်၊ ဘုရားသခင်၏ကောင်းကင်တမန်တို့နှင့်တွေ့ဆုံခဲ့ပြီး၊ ထိုနေရာကို မဟာနိမ်ဟု ခေါ်ဆိုခဲ့သည် - က၊၃၂း၁-၂။
2. သူသည် ကောင်းကင်တမန်တို့ကို ဘုရားသခင်၏တပ်နှစ်တပ်အဖြစ် တွေ့မြင်ခဲ့ပြီးနောက်တွင်၊ ယာကုပ်သည် သူ၏မိန်းမများ၊ ကလေးများနှင့် သူပိုင်ဆိုင်သောအရာအားလုံးကို အုပ်စုနှစ်စု သို့မဟုတ် ''စစ်တပ်နှစ်တပ်''အဖြစ်သို့ ခွဲထားခဲ့သည်၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် သာ၍အောင်နိုင်သူများဖြစ်ကြပြီး၊ ကျွန်ုပ်တို့သည် ခိုင်မာသောသက်သေခံချက်ကို သယ်ပိုးသောသူများဖြစ်ကြသည် -
3. ၎င်းမှာ ဘုရားသခင်သည် လူသန်ကြီးများကို အလိုမရှိဘဲ၊ ချည့်နဲ့သောသူများ၊ အားနည်းသောသူများ၊ မိန်းမများနှင့် ကလေးများကိုသာ အလိုရှိကြောင်းကို ဆိုလိုခြင်းဖြစ်သည် - ၂ကော၊၁၁း၂၉။ ရော၊၉း ၁၆။
4. ဘုရားသခင်သည် မိမိတို့ကိုယ်တိုင်၌ သန်စွမ်းနေသောသူများကို အလိုမရှိပါ။ ကိုယ်ခန္ဓာတော်၏မူအလေ့အလာ၌ အောင်မြင်သူများဖြစ်ရန် ထိုက်တန်သည်ဟု ရေတွက်ခံရသူများမှာ သခင်ဘုရားအပေါ် လုံးလုံးမှီခိုမှုရှိသောအားနည်းသောသူများဖြစ်ကြသည်- ၁ကော၊၁း၂၆-၂၈။ ၂ကော၊၁၁း၂၉။ ၁၂း၉-၅။ ဗျာ၊၃း၈။ ၁ပေ၊၅း၅။ တရား၊၃၂း၃၀။ ဒေ၊၄း၉-၁၂။ ရော၊၉း၁၆။ ၁၆း၂၀။

5. ခရစ်တော်ကိုယ်ခန္ဓာတော်၏မူအလေ့အလာအရ စစ်တပ်နှစ်တပ်၏ ဝိညာဉ်ရေးရာအမှတ်လက္ခဏာမှာ ကျွန်ုပ်တို့ကို ချစ်သော ကိုယ်တော့်အားဖြင့် ကျွန်ုပ်တို့သည် သာ၍အောင်နိုင်သူများဖြစ်သည်ဟူသော ခိုင်မာသောသက်သေခံချက်ပင် ဖြစ်သည် - ၈း၃၇။ ၁၂း၅။ တရား၊၃၂း၃၀။ ဒေ၊၄း၉-၁၂။
6. ဘုရားသခင်သည် မိမိနှင့်တစ်လုံးတစ်ဝဖြစ်သောသူများ၊ ဆံပင်ကျစ်ခြင်းဖြင့် ပုံဆောင်ထားသော ကိုယ်တော့်ကိုဝန်ခံခြင်းရှိသူများ (သီ၊၁း၁၁) နှင့် ရတနာကြိုးများကို လည်ပင်း၌ဆွဲထားခြင်းဖြင့် ပုံဆောင်ထားသည့် အလျော့အတင်းရှိသော အလိုဆန္ဒနှင့်အတူ ကိုယ်တော့်ကို နာခံခြင်းရှိသောသူများကို လိုအပ်သည် (အငယ်၊၁၀)။
7. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏အမြင့်ဆုံး အထွတ်အထိပ်သို့ မည်သို့ရောက်ရှိမည်ကို စဉ်းစားဆင်ခြင်သည့်အခါ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ အားကိုးခြင်းမရှိဘဲ၊ ကျွန်ုပ်တို့အား ကရုဏာခံရာအိုးများ၊ အိုးမြတ်နှင့် ဘုန်းတော်၏အိုးများဖြစ်လာစေရန် ကျွန်ုပ်တို့သည် ချစ်ခြင်း၊ တန်ခိုးနှင့် ကရုဏာအဖြစ် သခင်ဘုရားအပေါ် မှီခိုခြင်းရှိရမည်ဖြစ်သည် - ရော၊၉း၁၆၊ ၂၁-၂၃။ သီ၊၈း၅-၆။

© 2026 Living Stream Ministry

Message Five

သီချင်းတကာ့သီချင်း၏ ပဌမအဆင့် -
သခင်ဘုရား၏အလုပ်၌ မျှဝေရခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၊၇း၁-၅၊ ၁၁-၁၂

I. ရှောလမုန်သည် များစွာ ကြိုးစားလုပ်ဆောင်ရန် လိုအပ်သော စပျစ်ဥယျာဉ်များစွာ၏ သခင်ဖြစ်သည် (သီ၊၇း၁၂)၊ ဤအချက်၌ ရှုလမိတ်သည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက် ဖြစ်လာရန် သခင်ဘုရား၏အလုပ်၌ ပါဝင်လုပ်ဆောင်ရမည်။ လူတို့သည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်များဖြစ်လာရန် ဘုရားသခင်နှင့်အတူ လုပ်ဆောင်နိုင်ရခြင်းမှာ မည်မျှပင် အခွင့်ထူးပြီး ဘုန်းထင်ရှားခြင်း ဖြစ်ပါတကား (၁ကော၊၃း၉။ ၂ကော၊၆း၁၈)။

II. သခင်ဘုရား၏အလုပ်၌ ပါဝင်လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် အရည်အချင်းပြည့်မီရန် လိုအပ်ပြီး၊ ယင်းသည် လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားသော ဘုရားအသက်၏ ဂုဏ်အင်္ဂါတော်များအားလုံးကို ယူတင်ဝတ်ဆင်မှုအပေါ် မူတည်သည်။ ဝိညာဉ်တော်သည် ချစ်သူ၏ ကောင်းမြတ်ခြင်းများကို ပြန်လည်ဆန်းစစ်တော်မူသည်၊ ယင်းမှာ ဘုရားအသက်၌ သူမ၏ ကြီးရင့်မှုနှင့် သခင်ဘုရားနှင့်အတူ လုပ်ဆောင်ရန် သူမ၏ အရည်အချင်းပြည့်မီမှုတို့၏ အမှတ်လက္ခဏာများဖြစ်သည် - သီ၊၇း၁-၅။ ဣန်း၊ ၂ကော၊ ၁း၁၂။ ၂း၁၄-၁၇။ ၁၁း၁၀က။ ၁၃က်၊၂း၁-၁၂။

A. ဘုရားသခင်၏ တုန့်ပြန်ရာမဲ့သော အလုပ်မှာ ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ ခရစ်တော်၌ မိမိကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ရန်ဖြစ်ပြီး၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အတွက် သူကိုယ်တော်တိုင် သူတို့နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်စေရန် ဖြစ်သည် - ဂလ၊၄း၁၉။ ဧ၊၃း၁၇က။ ၄း၁၆။

1. ကျွန်ုပ်တို့သည် လူတစ်ဦးအနေဖြင့် ကျွန်ုပ်တို့ဖြစ်နေသောအရာထက် ကျော်လွန်၍ ဘုရားသခင်ကို အစေမခံနိုင်ပါ - ပေါလုက ''ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်သာ ငါဖြစ်သည့်အတိုင်း ငါဖြစ်၏ ...''ဟု ပြောဆိုခဲ့သည်၊ သူသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ရန်အတွက်ဖြစ်သော ဘုရားသခင်ဖြစ်သည့် ကျေးဇူးတော်အဖြစ် ခရစ်တော်နှင့်အတူ ပြည့်ဝပြီး စေ့စပ်ထုံဖွဲ့ခြင်းခံရသောသူ ဖြစ်ခဲ့သည် - ၁ကော၊၁၅း၁၀က။
2. ဤအချက်၏ ရလဒ်အနေဖြင့် ပေါလုက ''ငါခံရသော ကျေးဇူးတော်ကိုလည်း အကျိုးမဲ့ ခံရသည်မဟုတ်။ အခြားသော တမန်တော် အပေါင်းတို့ထက် ငါသည် သာ၍ ကြိုးစားခြင်းကို ပြု၏။ ထိုသို့ဆိုသော်လည်း ငါကြိုးစားသည်မဟုတ်။ ငါနှင့်အတူရှိသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြိုးစားတော်မူ၏'' ဟူ၍ ဆက်လက်ပြောဆိုထားသည် - အင၊၁၀ခ။
3. *ငါကြိုးစားသည်မဟုတ်၊ ဘုရားသခင်၏ကျေးဇူးတော်သည် ကြိုးစားတော်မူ၏* ဟူသည်မှာ ဂလာတိ ၂း၂၀ ရှိ *ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏* ဟူသည်နှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ပေါလု၌ ပြုပြင်လုပ်ဆောင်တော်မူသော ကျေးဇူးတော်သည် အကြောင်းအရာတစ်ခုခု သို့မဟုတ် အရာတစ်ခုခု မဟုတ်ဘဲ၊ တမန်တော်၌ သူ၏အရာခပ်သိမ်းအဖြစ် ကိန်းဝပ်တော်မူသောအရှင်၊ အရာအားလုံးပါဝင်၍ အသက်ပေးသော ဝိညာဉ် တော်ဖြစ်လာသောအရှင်တည်းဟူသော ခမည်းတော် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် အသက်ရှင်တော်မူသော ပုဂ္ဂိုလ်တော်၊ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော် ဖြစ်တော်မူသည်။
4. ပေါလု၏အမှုတော်သည် အသင်းတော်တည်ဆောက်ခြင်းကို ထုတ်လုပ်ထွက်ပေါ်စေသော ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ သူတို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားသခင်၏ကျေးဇူးတော်အဖြစ် ခရစ်တော်၏ကြွယ်ဝခြင်းများကို ဝေငှဖြန့်ဖြူးပေးရန် ဖြစ်သည် - ဧ၊၃း၂။

B. သီချင်းတကာ့သီချင်း၌ သခင်ဘုရား၏ချစ်သော ရှာဖွေသူအား ''မင်းသား၏ သမီး''အဖြစ် ပြောဆိုထားသည် (၇း၁)။ ဤသည်မှာ ခရစ်တော်၏ ချစ်သူသည် ကျေးဇူးတော်၏ကြွယ်ဝခြင်းနှင့် ဖြောင့်မတ်ခြင်း၏ဆုကျေးဇူးတို့အားဖြင့် အသက်၌ စိုးစံရန် ကိုယ်တော်၏တော်ဝင်ဆိုင်ရာ အသက်၌ ကြီးရင့်ခြင်းသို့ ရောက်ရှိလာရမည်ကို ဖော်ပြခြင်း ဖြစ်သည် (ရော၊၅း၁၇)။

C. ဝိညာဉ်တော်သည် ဧဝံဂေလိဟောပြောခြင်း (ခြေနင်းစီးလျက် ခြေလှမ်းများ) ၌ သူမ၏လှုပမှုကို ပြန်လည်ဆန်းစစ်တော်မူသည် - သီ၊၇း၁။ ရော၊၁၀း၁၅။

1. ဧဝံဂေလိဟောပြောခြင်းသည် ကျွန်ုပ်တို့ကို ကာကွယ်ပေးပြီး မြေကြီး၏ညစ်ညူးခြင်းမှ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည်။ ဘုရားသခင်၏ အသင်းတော် လက်နက်စုံ အစိတ်အပိုင်းတစ်ခုမှာ ''ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားဖြင့် သင်တို့၏ ခြေကို စွပ်ခြင်း'' ဖြစ်သည် - ဧဖ၊၆း၁၅၊ ၁၅။
2. ခရစ်တော်သည် ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက် ဘုရားသခင်နှင့် လူ နှစ်ဦးလုံးနှင့်အတူ သင့်မြတ်ခြင်းကို ပြုတော်မူခဲ့ပြီး၊ ဤသင့်မြတ်ခြင်းသည် ကျွန်ုပ်တို့၏ဧဝံဂေလိတရားဖြစ်လာသည် (၂း၁၃-၁၇)။ ဤငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားသည် ခိုင်မြဲသော တိုက်မြစ်အဖြစ်၊ ကျွန်ုပ်တို့၏ခြေ စီးနင်းဖို့ အဆင်သင့်ဖြစ်ခြင်းအဖြစ် တည်စေခဲ့ပြီဖြစ်သည်။
3. ထိုကဲ့သို့ စီးနင်းခြင်းဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ စစ်ပွဲကို တိုက်ခိုက်ရန် ရပ်တည်ဖို့ ခိုင်ခံ့သော ခြေချရာကို ရရှိလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့ ခိုင်မြဲစွာ အခြေချထားသည့် ငြိမ်သက်ခြင်းမှာလည်း ခရစ်တော်ပင်ဖြစ်သည် - အငယ်၊ ၁၄။

D. သခင်ဘုရားက ကိုယ်တော်၏ ချစ်ခင် ရှာဖွေသူနှင့်ပတ်သက်၍ - ''သင်၏လည်ပင်းသည် ဆင်စွယ်ရဲတိုက်ကဲ့သို့'' ဖြစ်ကြောင်း ပြောဆိုထားသည်။ ပုံဆောင်ချက်၌ ဆင်စွယ်သည် ရှင်ပြန်ထမြောက်ခြင်းအသက်ကို ပုံဆောင်သည်၊ ထို့ကြောင့် သူမ၏အလိုဆန္ဒကို ပုံဆောင်သော သူမ၏ လည်ပင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် ပြည့်နှက်နေသည် - သီ၊၇း၄။

E. ထို့နောက် သခင်ဘုရားက သူမ၏မျက်စိတို့ကို ''သင်၏မျက်စိတို့သည် ဟေရှဘုန်မြို့/ ဗာသ-ရဗ္ဗိမ်တံခါးနားမှာရှိသော ရေကန်များကဲ့သို့'' ဖြစ်ကြောင်း ပြောဆိုထားသည် - အငယ်၊၄။

1. သီချင်းတကာ့သီချင်း ၁း၁၅ ၌ သူမ၏မျက်စိတို့ကို ချိုးငှက်၏ မျက်စိတို့နှင့် ခိုင်းနှိုင်းထားသော်လည်း၊ ၇း၄ တွင်မူ သူမ၏ မျက်စိတို့ကို ရေကန်တို့နှင့် ခိုင်းနှိုင်းထားသည်။ ချိုးငှက်၏ မျက်စိတို့သည် ဝိညာဉ်ရေးရာဆန်သော်လည်း၊ ရေကန်နှင့်တူသော မျက်စိတို့မူကား အလင်းကို အပြည့်အဝ တံခါးဖွင့်ပေး၍၊ စကြဝဠာတစ်ခုလုံးကို လွှမ်းခြုံနိုင်သည်ထိ ကြီးမားကျယ်ပြန့်လာခဲ့သည်။
2. ဤရေကန်များသည် ဝင်ထွက်သွားလာရန်အတွက်ဖြစ်သော တံခါးနား၌ တည်ရှိပြီး၊ ကျွန်ုပ်တို့၏အမြင် ကျယ်ပြန့်လာသည့်အပေါ်တွင် မူတည်သည့် မိတ်သဟာယဖွဲ့ခြင်း၏ ဆက်သွယ်မှုကို ပုံဆောင်သည်။ ဤအရာများသည် ရောင်ပြန်ဟပ်သော ရေကန်များဖြစ်ပြီး၊ သူမ၏အမြင်သည် အလင်းနှင့် ပြည့်ဝကြောင်းကို ဖော်ပြခြင်းဖြစ်သည်။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အမြင်၌ အလွန်ကျယ်ပြန့်ခြင်း ရှိရမည်၊ သို့မှသာ ကျွန်ုပ်တို့ရှိနေသောနေရာရှိ အလုပ်ကို မြင်ပြီး ဂရုစိုက်ရုံသာမက၊ ကမ္ဘာတစ်ဝန်းလုံးနှင့် စကြာဝဠာတစ်ခုလုံး၌ရှိသော ဘုရားသခင်၏ စိတ်ဝင်စားမှုအတွက်လည်း ဂရုစိုက်လာမည်ဖြစ်သည်။

F. သခင်ဘုရားသည် သူမ၌ ''လေဗနုန်ရဲတိုက်နှင့်တူသော နှာခေါင်း'' ရှိသောကြောင့် သူမအား အလွန် တန်ဖိုးထားတော်မူသည် - အငယ်၊၄။

1. လေဗနုန်ရဲတိုက်နှင့်တူသော နှာခေါင်းဟူသည်မှာ သခင်ဘုရား၏ ချစ်ခင် ရှာဖွေသူ၌ ဝိညာဉ်ရေးရာ မြင့်မား၍ ထက်မြက်သော ပိုင်းခြားနိုင်စွမ်းရှိကြောင်း ဆိုလိုသည်၊ ဖိလိပ္ပိ ၁း၉ က ကျွန်ုပ်တို့သည် အခြားသူများကို မိုက်မဲစွာဖြင့် ချစ်ခြင်းမဟုတ်ဘဲ၊ ပြည့်ဝသော သိကျွမ်းခြင်းနှင့် ထိလွယ်ရှလွယ်သော သိမြင်ခံစားနားလည်ခြင်း၌ ကြွယ်ဝပြည့်စုံသော မေတ္တာဖြင့် ထိုသူတို့အား တည်တည်ကြည်ကြည် ချစ်သင့်ပါသည်။
2. အနံ့ခံနိုင်သော စွမ်းရည်သည် ရင့်ကျက်သူများ၌သာ တွေ့ရှိရသည်။ ဤခံစားသိရှိမှုသည် ပြောထွက်လိုက်သော စကားများ သို့မဟုတ် မြင်တွေ့နိုင်သော အရာများမှ လာခြင်းမဟုတ်ပါ။ ၎င်းသည် ကောင်းသော အနံ့ သို့မဟုတ် မကောင်းသော အနံ့ကို ခွဲခြားနိုင်စွမ်းရှိစေသည့် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော အလိုလိုသိခြင်းမှလာသော အတွင်းပိုင်းဆိုင်ရာ စွမ်းရည် ဖြစ်သည်။

3. ဤဝိညာဉ်ရေးရာ အလိုလိုသိခြင်းသည် လူတစ်ဦးအား ဘုရားသခင်ထံမှလာသော အရာများကို ခွဲခြားသိမြင်နိုင်စေရန် တတ်စွမ်းစေနိုင်သည်။ ယင်းသည် အကြောင်းပြချက်နှင့် တွေ့ခေါ်စဉ်းစားမှုအားဖြင့်မဟုတ်ဘဲ၊ လူတစ်ဦးအား ဝိညာဉ်ရေးရာ အကြောင်းအရာများကို ခွဲခြားသိမြင်နိုင်စေသော အလိုအလျောက်ဖြစ်ပေါ်လာသော၊ အတွင်းပိုင်း၌ တိကျမှန်ကန်သော ခံစားမှုတို့အားဖြင့် ဖြစ်သည်။
4. တစ်ချိန်တည်းမှာပင် ဤအနုံခံအာရုံ၊ ခံစားသိရှိမှုသည် လူတစ်ဦးအား မကောင်းသောအနုံများကို ခွဲခြားသိရှိစေသည်။ သွန်သင်ခြင်းများစွာတို့မှာ မှားသည်ဟု ယူဆ၍မရနိုင်သလို၊ များစွာသောလူတို့မှာ အခြားသူများက အမှားရှာတွေ့နိုင်သည့်အရာ ဘာမျှမရှိကြသော်လည်း၊ တစ်စုံတစ်ရာသည် မှားနေကြောင်း ကျွန်ုပ်တို့ အာရုံခံစားကြရသည်။
5. သခင်ဘုရား၏အစေခံအား သင်က အရာခပ်သိမ်း ကောင်းမွန်ပါသည်ဟု ပြောနိုင်သည်၊ သို့သော် ချက်ချင်းပင် သူက တစ်စုံတစ်ရာ မှားနေသည်၊ တစ်စုံတစ်ရာသည် စစ်မှန်မှုမရှိ၊ တစ်စုံတစ်ရာသည် သခင်ဘုရားနှင့် လိုက်လျောညီထွေဖြစ်ခြင်းမရှိကြောင်း အာရုံခံစားရလေသည်။ ဤသည်မှာ သခင်ဘုရားအလုပ်၏ အကာအကွယ်ပင် ဖြစ်သည်။
6. လေဗနုန်ရဲတိုက်ကဲ့သို့သော နှာခေါင်းသည် ၎င်း၏ မြင့်မားမှုနှင့် စူးရှထက်မြက်မှုကို ဖော်ပြသည်။ ယနေ့ များစွာသော ခရစ်ယာန်တို့သည် ရုပ်ပျက်ဆင်းပျက်ဖြစ်သော သို့မဟုတ် ပြားနေသော နှာခေါင်းရှိနေကြပြီး၊ ယင်းမှာ ဘုရားသခင်ထံ ကျွန်ုပ်တို့ အစေခံခြင်း၌ အာရုံခံစားမှုစွမ်းရည်အဖြစ် ခရစ်တော် ကင်းမဲ့နေခြင်းနှင့် ယဇ်ပုရောဟိတ်အရိုက်အရာမှ ကျွန်ုပ်တို့ကို အရည်အချင်း မရှိစေခြင်းအား ညွှန်ပြနေသည် - သီ၊၇း၄။ ဝတ်၊၂း၁၈ (၁၉၀၁ ခုနှစ်ထုတ် ASV ကို ကြည့်ပါ)။
7. ချွတ်ယွင်းချက်ကြောင့် ယဇ်ပုရောဟိတ်အရာမှ အရည်အချင်းမရှိခြင်းမှာ မည်သူမဆို ခရစ်တော်၌ ချွတ်ယွင်းချက်ရှိလျှင် ခရစ်တော်ကို ဘုရားသခင်ထံသို့ အစာအဖြစ် အမှုဆောင်ရန် မတတ်စွမ်းနိုင်ကြောင်း ပုံဆောင်သည် - အင်္ဂယ်၊ ၁၇-၂၁။

G. ဝိညာဉ်တော်က သူမ၏ လှုပမှုကို သူမ၏ စဉ်းစားခြင်းများနှင့် ရည်ရွယ်ချက်များ (ဦးခေါင်း)၊ ယင်းမှာ ဘုရားသခင်အတွက် သန်စွမ်းလျက်ရှိခြင်း (ကရမေလ - ညွှန်း၊ ၁ဘုရင်၊၁၈း၁၉-၃၉) ၌လည်းကောင်း၊ သူမ၏ ဆက်ကပ်အပ်နှံခြင်းအတွက် နာခံခြင်းနှင့် ဝန်ခံခြင်း (သူမဦးခေါင်းရှိ ဆံပင် - ညွှန်း၊ စာရင်း၊ဖိး၅က)၊ ယင်းမှာ ဘုရားသခင်၏ဘုန်းတော် (ခရမ်းရောင်) နှင့် ရှင်ဘုရင်ဖြစ်တော်မူသော သူမ ချစ်ရာအရှင်ကို ဖမ်းဆီးခြင်း (ချုပ်နှောင်ခြင်း) အတွက်ဖြစ်ခြင်း (သီ၊၇း၅) ၌လည်းကောင်း ပြန်လည်ဆန်းစစ်တော်မူသည်။

III. "ကြွလာတော်မူပါ၊ ကျွန်မချစ်ရာအရှင်၊ လယ်တောများသို့ ထွက်သွားကြကုန်အံ့။ / ရွာတို့၌ တည်းခိုကြကုန်အံ့။ နံနက်စောစော ထ၍ စပျစ်ဥယျာဉ်များသို့ သွားကြကုန်အံ့။ / စပျစ်နွယ်ပင်အဖူးထွက်သည် မထွက်သည်ကို လည်းကောင်း၊ / အပွင့်ပွင့်ခြင်း ရှိသည် မရှိသည်ကိုလည်းကောင်း၊ / တလည်းပင် ပွင့်လန်းခြင်း ရှိသည် မရှိသည်ကို လည်းကောင်း ကြည့်ရှုကြကုန်အံ့။ / ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ ပေးအပ်ပါမည်" - အင်္ဂယ်၊၁၁-၁၂။

A. "ရွာတို့၌ တည်းခိုကြကုန်အံ့" - ရွာများသည် အများကိန်းဖြစ်သည်။ သူမသည် တစ်နေရာတည်းမှာသာ ချုပ်နှောင်မခံရဘဲ၊ တစ်ရွာမှ အခြားတစ်ရွာသို့သွားသော သခင်ဘုရား၏ လှည့်လည်သွားလာခြင်း သဘောသဘာဝကို အပြည့်အဝ ယူဆောင်ခဲ့ပြီဖြစ်သည်။ သူမသည် သခင်ဘုရားနောက်သို့ လိုက်လျောက်ကာ ပျောက်သောသိုးများနှင့် ဒဏ်ရာရနေသူများကို ရှာဖွေခြင်း ပြုလေသည်။

B. ခရစ်တော်၏ချစ်သူသည် သူမ ချစ်ရာအရှင်နှင့်အတူ မြေကြီးတစ်ပြင်လုံး (လယ်ကွင်းများ) အတွက်ဖြစ်သော အလုပ်ကို တစ်နေရာမှ အခြားတစ်နေရာသို့ လှည့်လည်သွားလာခြင်း (ရွာတို့၌ တည်းခိုခြင်း) အားဖြင့် သယ်ဆောင်ခြင်းဌာ အလိုရှိလေသည်။ ဤသည်မှာ သူမသည် သခင်ဘုရား၏အလုပ်ကို သယ်ဆောင်ခြင်း၌ ဂိုဏ်းစွဲခြင်းမရှိကြောင်း ညွှန်ပြနေသည်။ သူမသည် အလုပ်ကို ဖွင့်ထားသည်၊ သို့မှသာ အခြားသူများသည် ထိုနေရာသို့ လှည့်လည်သွားလာပြီး၊ သူမသည် အခြားတစ်နေရာသို့ လှည့်လည်သွားနိုင်မည်ဖြစ်သည်။ ဤသည်မှာ တစ်ကိုယ်တည်းသော ခန္ဓာတော်၌ တစ်ခုတည်းသောအလုပ်ကို စောင့်ထိန်းခြင်းဖြစ်သည်။

C. *စောစော* ဟူသည်မှာ သခင်ဘုရား၏အလုပ်၌ သူမ၏ ဇွဲလုံ့လရှိခြင်းကို ပြသသည်။ နံနက်စောစော၌ အလုပ်လုပ်ခြင်းသည် မရှိမဖြစ်သောအရာဖြစ်သည်။ ပျင်းရိခြင်းသည် သခင်ဘုရားအသက်၏ ဝိသေသလက္ခဏာမဟုတ်ပါ။ အမှန်ပင် ဝိညာဉ် ရေးရာရှိသောသူတို့သာလျှင် ဇွဲလုံ့လရှိနိုင်ကြသည်။ ဇွဲလုံ့လရှိခြင်းနှင့် ပျင်းရိခြင်းအကြား ခြားနားချက်သည် အချိန်ကို အသုံးပြုခြင်း၌ တည်ရှိနေသည် - ဧ၅း၁၆။ ကော၊၄း၅။

D. သခင်ဘုရား၏အလုပ်၌ မျှဝေပါဝင်ရခြင်းသည် သခင်ဘုရားအတွက် အလုပ်လုပ်ခြင်းမျှသာမဟုတ်ပါ၊ သို့သော် သခင်ဘုရားနှင့် အတူတကွ အလုပ်လုပ်ခြင်း ဖြစ်သည် (၁ကော၊၃း၉က။ ၂ကော၊၆း၁က)။ သခင်ဘုရားနှင့်အတူ အလုပ်လုပ်ရန် ကျွန်ုပ်တို့သည် အသက်၌ ရင့်ကျက်ရန် လိုအပ်သည်၊ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့၏အလုပ်သည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်အတွက် ဖြစ်ရမည်။

E. ရှုလမိတ်သည် ရှောလမုန်၏ အဖော်အဖက်အဖြစ် အလုပ်လုပ်ပြီး၊ စပျစ်ဥယျာဉ်များအားလုံး (သီ၊၈း၁၁) တည်းဟူသော မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များနှင့် ယုံကြည်သူများကို ဂရုစိုက်လေသည်။ ဤသည်မှာ ကျွန်ုပ်တို့၏အလုပ်သည် မြို့တစ်မြို့အတွက်မျှသာမဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်အတွက် ဖြစ်သင့်ကြောင်း ညွှန်ပြနေသည်။

F. ကျွန်ုပ်တို့၌ မြေကြီးတစ်ပြင်လုံးအတွက်ဖြစ်သော အလုပ် ရှိရမည်။ ဤသည်မှာ ပေါလုက ဒေသန္တရအသင်းတော်များကို တည်စေခြင်းနှင့် ၎င်းတို့ကို ခရစ်တော်၏ကိုယ်ခန္ဓာတော် အပြည့်အဝ ပြီးမြောက်ဖြစ်တည်လာခြင်းအတွက် ခရစ်တော်၏ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ပေါင်းစည်းခြင်းအသက်အထဲသို့ ခေါ်ဆောင်ပေးရန် လုပ်ဆောင်ခြင်း၌ ပြုခဲ့သောအရာပင် ဖြစ်သည် - ရော၊၁၆း၁-၂၇။ ၁ကော၊၁၂း၂၄-၂၅က။

G. သူမနှင့် သူမ ချစ်ရာအရှင်သည် အသင်းတော်များ (စပျစ်ဥယျာဉ်များ) ၌ အခြားယုံကြည်သူများ အဖူးထွက်ခြင်း၊ အပွင့်ပွင့်ခြင်းနှင့် ပွင့်လန်းခြင်းရှိစေရန် ဇွဲလုံ့လရှိစွာ လုပ်ဆောင်ကြသည်။ သခင်ဘုရား၏အလုပ်အလယ်တွင် သခင်ဘုရား၏ချစ်သူက "ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ ပေးအပ်ပါမည်" ဟု ပြောလေသည် - ညွှန်း၊ သီ၊၇း၁၂။

H. ကျွန်ုပ်တို့သည် ချစ်ရာအရှင်နှင့် အတူတကွ အလုပ်လုပ်ဆောင်လိုလျှင် ကျွန်ုပ်တို့က ကိုယ်တော်၏အလုပ်နေရာ၌ ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်ကြောင်း ထင်ရှားပြသရမည်ဖြစ်သည်။ ဤအရာသည် မည်မျှ အံ့သြဖွယ်ဖြစ်ပါတကား - မာ၊၁၂း၃၀။

IV. ရှေ့ဦးစွာသောအလုပ်များမှာ ရှေ့ဦးမေတ္တာမှ ထွက်လာသော၊ ရှေ့ဦးမေတ္တာကို ထင်ရှားစေသော အလုပ်များဖြစ်သည် (ဗျာ၊ ၂း၄-၅)။ သခင်ဘုရား၏ ရှေ့ဦးမေတ္တာဖြင့် ပြည့်ဝခြင်း (အငယ်၊၄)၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာပေးခြင်း (ကော ၁း၁၈ခ) ရှိသောအခါ ကျွန်ုပ်တို့လုပ်ဆောင်သမျှ အရာခပ်သိမ်းသည် ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်ခြင်းမှ ထွက်ပေါ်လာပြီး၊ ကိုယ်တော်ကို ချစ်ခြင်းအား ထင်ရှားစေသည် (ယော၂၁း၁၅-၁၇။ ဧ၄း၁၆။ ၂ကော၊၅း၁၄-၁၅၊ ၂၀)။

A. ယုံကြည်သူတစ်ဦး၏ အလုပ် အစအဦး၌ သူသည် မိမိ၏ ယခင်က အချည်းနှီးဖြစ်ခြင်းနှင့် အပြင်ပိုင်းအလုပ် - သူသည် လူက သူ့ကို စိတ်ချအပ်နှံသောအရာကိုသာ လုပ်ဆောင်ပြီး၊ သူ့အဖို့ ဘုရားသခင် စီမံထားသောအရာကို မလုပ်ခြင်း - မှ လွတ်မြောက်ရမည်ဖြစ်သည် - သီ၊၁း၆ခ-၈။

B. ယုံကြည်သူတစ်ဦးသည် အတ္တမှ လွတ်မြောက်လာသောအခါ သူ၏စိတ်နှလုံးသည် သူ၏ တစ်သီးပုဂ္ဂလဖြစ်သောအလုပ်မှ သခင်ဘုရား၏ အလုပ်သို့ လွတ်မြောက်လာပြီး၊ သန့်ရှင်းသူအယောက်စီတိုင်းနှင့် ရင့်ကျက်မှုမရှိဆုံးသော ယုံကြည်သူတို့၏ အခြေအနေသည်ပင် သူ၏စိတ်ဝင်စားမှုနှင့် သူအလေးထားရသည့်အဓိကအရာ ဖြစ်လာသည်။

C. ယခု သခင်ဘုရား၏ ချစ်သော ရှာဖွေသူသည် သခင်ဘုရား၏အလုပ်ကို သခင်ဘုရားကိုယ်တော်တိုင်ထံသို့ ဆက်နွယ်နိုင်စွမ်းရှိလာပြီး၊ သူမ၏အလုပ်သည် ကိုယ်တော်ကို ချစ်ခြင်းအား ထင်ရှားစေခြင်း ဖြစ်စေနိုင်ပြီဖြစ်သည်။

D. သူမ၏ အားထုတ်လုပ်ဆောင်မှုအားလုံးသည် "ချစ်ခြင်းဖြင့် အားထုတ်လုပ်ဆောင်မှု" (၁သက်၊၁း၃) ဖြစ်ပြီး၊ ယင်းမှာ သူမ၏ စိတ်နှလုံး၌ သွန်းလောင်းခဲ့ပြီးဖြစ်သည့် ဘုရားသခင်၏မေတ္တာတော်မှ ထွက်ပေါ် ခြင်းဖြစ်သည် (၁ယော၊၄း၁၉။ ရော၊၅း၅)။

V. **"ထို့ကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သင်တို့၏ ကြိုးစားအားထုတ်ခြင်းသည် သခင်ဘုရား၌ အချည်းနှီး မဖြစ်ကြောင်းကို သိ မှတ်သဖြင့် တည်ကြည်မြဲမြံ၍၊ မရွေ့လျော့ မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏ အလုပ်၌ အစဉ် ကြိုးစားအားထုတ်ခြင်း ရှိ ကြလော့" - ၁ကော၊၁၅း၅၈။**

A. သခင်ဘုရားအတွက် ကျွန်ုပ်တို့၏ ရှေ့ဦးမေတ္တာအားဖြင့် လှုံ့ဆော်ခံရသည့် အလုပ်များသာလျှင် ရွှေ၊ ငွေနှင့် အဖိုးတန်သော ကျောက်များ ဖြစ်လေသည် - ၃း၁၂။

B. သခင်ဘုရား၏အလုပ်၌ ကျွန်ုပ်တို့၏အားထုတ်လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ ဇာတိအသက်နှင့် ဇာတိတတ်စွမ်းနိုင်မှု အားဖြင့်မဟုတ်ဘဲ၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်အားဖြင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်သော တန်ခိုး တော်နှင့်အတူ ဖြစ်သည်။

C. ထိုသို့သော အားထုတ်လုပ်ဆောင်မှုသည် အပြစ်သားများထံ ခရစ်တော်ကို ဟောပြောခြင်း၊ သန့်ရှင်းသူများထံ အသက်ကို အမှုဆောင်ခြင်းနှင့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားကို ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များအဖြစ် တွေ့ ကြုံခံစားခြင်းဖြင့် အသင်းတော်ကို တည်ဆောက်ခြင်းတို့မှတစ်ဆင့် ဘုရားသခင်၏ထာဝရစီမံကိန်းကို ပြီးမြောက်ပြည့်စုံ စေခြင်းအား ရလဒ်ထွက်ပေါ်လာစေသည် - အငယ်၊၁၂။

© 2026 Living Stream Ministry

Message Six

သီချင်းတကာ့သီချင်း၏ ဆဋ္ဌမအဆင့် -
ချီဆောင်ခံရရန် မျှော်လင့်ခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၊၈း၁-၇၊ ၁၃-၁၄

I. သူမ၏ အသက်၌ ကြီးထွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းအားဖြင့် ခရစ်တော်ကို ချစ်သူသည် အသွေးအသားရှိသည်မှလွဲ၍ ကျန်အရာအားလုံးတို့၌ ခရစ်တော်နှင့် ထပ်တူထပ်မျှ ဖြစ်လာသည်အထိ အသက်၌ ကြီးထွားရင့်ကျက်သူ ဖြစ်လာသည်။ သူမသည် မိမိ၏ အသွေးအသားကြောင့် ညည်းတွားရခြင်းမှ ကယ်တင်ခြင်းခံရရန် မျှော်လင့်လျက် ရှိသည်။ ဤသည်မှာ သူမ၏ ကိုယ်ခန္ဓာ ရွေးနုတ်ခြင်းအားဖြင့် ချီဆောင်ခြင်း ခံရရန် မျှော်လင့်နေကြောင်း ညွှန်ပြနေခြင်း ဖြစ်သည် - သီ၊၈း၁-၄။ ရော၊၈း၂၃။ ၂ကော၊ ၅း၁-၈။ ဧ၄း၃၀ခ။ ဖိ၊၃း၂၁။

II. ''မိမိချစ်ရာအရှင်၌ မှီ၍ / ကန္တာရတောထဲက လာသော ထိုသူကား၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်း'' - သီ၊၈း၅က။

A. ဝိညာဉ်ရေးရာ ကန္တာရတော (လောကဆိုင်ရာ ပတ်ဝန်းကျင်) မှ မိမိကိုယ်တိုင်အားဖြင့် (၃း၆) ထွက်လာခဲ့သော ခရစ်တော်၏ ချစ်သူသည် ယခုတွင် သူမချစ်ရာအရှင်ကို မှီခိုခြင်းအားဖြင့် ဟန်မဆောင်နိုင်လောက်အောင် ကိုယ်တော်၌ ကိုးစားလျက် အသွေးအသားဆိုင်ရာ ကန္တာရတော (မြေကြီးဆိုင်ရာ နယ်ပယ်) မှ ထွက်လာခဲ့လေသည်။

1. *မိမိချစ်ရာအရှင်၌မှီ၍* ဆိုသည်မှာ သူမသည် တန်ခိုးမဲ့လျက်ရှိပြီး၊ သခင်ဘုရားမပါဘဲ မလျှောက်လှမ်းနိုင်တော့ကြောင်း သူမ၏ ခံစားချက်ကို ရည်ညွှန်းသည် - ၂ကော၊၁၂း၉-၁၀။ ၁၃း၃-၄။
2. *သူမချစ်ရာအရှင်၌မှီ၍* ဆိုသည်မှာ ယာကုပ်ကဲ့သို့ သူမ၏ ပေါင်ချန်အကြော ထိုးခြင်းခံခဲ့ရပြီဖြစ်ကြောင်း၊ သူမ၏ ဇာတိခွန်အားသည် သခင်ဘုရားအားဖြင့် ဆက်ဆံဖြေရှင်းခြင်း ခံခဲ့ရပြီး ဖြစ်ကြောင်း ရည်ညွှန်းသည် - ၂ကော၊၁၂း၉-၁၀။ ၁၃း၃-၄။
3. *သူမချစ်ရာအရှင်၌မှီ၍* ဆိုသည်မှာ သူမသည် အတိုင်းထက်အလွန် ဖိစီးနှိပ်စက်ခြင်း ခံရပြီး၊ ဤသည်မှာ ကန္တာရတော ခရီးစဉ် ပြီးဆုံးသည့်တိုင်အောင် တည်ရှိနေပုံရကြောင်း ဆိုလိုသည် - ၂ကော၊၁း၈-၉။
4. သခင်ဘုရား၌ ကိုးစားသော အသက်တာသည် မရှိမဖြစ် လိုအပ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က ''မိမိချစ်ရာအရှင်ကို မှီခိုလျက် .... ထွက်လာသော ဤသူကာ အဘယ်သူဖြစ်ပါလိမ့်မည်နည်း''ဟု ရေရွတ်မေးမြန်းသည့်တိုင်အောင် ကျွန်ုပ်တို့သည် ဟန်မဆောင်နိုင်လောက်အောင် ကိုယ်တော်၌ ကိုးစားခြင်း ရှိသင့်သည်။
   a. "အို လူများတို့ ဘုရားသခင်၌ အစဉ်မပြတ် ခိုလှုံကြလော့။ / ရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းကြလော့။/ ဘုရားသခင်သည် ငါတို့ ခိုလှုံရာ ဖြစ်တော်မူ၏" - ဆာ၊ ၆၂း၈။
   b. "မေတ္တာကရုဏာတော်ကို နံနက်ခင်း၌ ကြားစေတော်မူပါ။/ ကိုယ်တော်၌ ကိုးစားပါ၏။/ ကိုယ်သွားရမည့်လမ်းကို သိစေတော်မူပါ။/ ကိုယ်တော်ကို အကျွန်ုပ်စိတ် မျှော်ကြည့်ပါ၏" - ၁၄၃း၈။
   c. "ယေဟောဝါကို ကိုးစားသောသူတို့သည် မတုန်မလှုပ်၊ အစဉ်အမြဲ တည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ၏" - ၁၂၅း၁။ ဇိအုန်တောင်နှင့် စပ်လျဉ်း၍ ဆာလံ ၄၈း၂ ၏ မှတ်စု ၁ ကိုကြည့်ပါ။

B. သူမသည် ကိုယ်တော်၏ ကြွလာတော်မူခြင်းကို စောင့်လျက်နေစဉ်တွင်၊ သူမသည် ကိုယ်တော့်ကို တွေ့ဆုံရန် ကိုယ်တော်နှင့်အတူ ထွက်ခွာသွားသည် (ညွှန်း၊ မ၊၅း၁)။ ကျွန်ုပ်တို့ ချစ်ရာအရှင်ကို မှီခြင်းအားဖြင့် ကျွန်ုပ်တို့သည် လောကကို စွန့်ခွာခဲ့ရန်အတွက် "ထွက်ခွာသွားစေသော" ခွန်အားအဖြစ် ကိုယ်တော့်ကို အစဉ်မပြတ် မွေ့လျော်ဝမ်းမြောက်ကြသည် (က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆)။

III. “ကျွန်မကို ကိုယ်တော်၏ စိတ်နှလုံးပေါ်မှာ တံဆိပ်ကဲ့သို့လည်းကောင်း/ လက်ရုံးတော်ပေါ်မှာ တံဆိပ်ကဲ့သို့လည်းကောင်း၊ ထားတော်မူပါ။/ အကြောင်းမူကား မေတ္တာသည် သေခြင်းနှင့်အမျှ အားကြီးပါ၏။/ သဝန်တိုခြင်းသည် ရှအောနှင့်အမျှ ခက်ထန်ပါ၏။/ သူ၏ အရှိန်သည် မီး၏အရှိန်၊/ ယေဟောဝါ၏ မီးလျှံဖြစ်ပါ၏” - သီ၈း၆။

A. သူမသည် သူမချစ်ရာအရှင်အား ကိုယ်တော်၏ မေတ္တာတော် (စိတ်နှလုံး)နှင့် ခွန်အားတော်(လက်ရုံးတော်) အားဖြင့် သူမ အား စောင့်ထိန်းတော်မူရန် တောင်းလျှောက်ခဲ့သည်။ အကြောင်းမူကား၊ ကိုယ်တော်၏ မေတ္တာတော်သည် မလျှပ်ခါနိုင် သော သေခြင်းနှင့်အမျှ အားကြီး၍၊ ကိုယ်တော်၏ သဝန်တိုခြင်းသည် အနိုင်ယူ၍မရနိုင်သော ရှအောနှင့်အမျှ ခက်ထန် တော်မူသည်။ ဤသည်မှာ လောသောမီး၊ သဝန်တိုသော ယေဟောဝါကဲ့သို့ဖြစ်၍ အနုတ်လက္ခဏာအရာအားလုံးကို လောင် ကျွမ်းသွားစေမည် ဖြစ်သည် (တရား၊ ၄း၂၄)။

B. “သူမသည် မိမိ၏ မူလအခြေအနေကို ပြန်လည်အောက်မေ့သောအခါ၊ နှိမ့်ချမှုတို့ဖြင့် ပြည့်နှက်နေခြင်းမှတစ်ပါး မတတ်နိုင် ခဲ့ပါ။ သူမသည် မိမိ၏ အချည်းနှီးဖြစ်ခြင်း၊ မိမိအတွေ့အကြုံ၏ အလဟာသဖြစ်ခြင်း၊ မိမိစိတ်နှလုံး၏ မခိုင်မြဲခြင်းနှင့် သူမ ရှာဖွေလိုက်လျှောက်ခြင်း၏ အကျိုးမဲ့ခြင်းတို့ကို မစဉ်းစားဘဲ မနေနိုင်ခဲ့ပေ။ သူမ၏ တစ်ခုတည်းသော မျှော်လင့်ချက်သည် သခင်ဘုရားသာဖြစ်သည်။ အဆုံးတိုင်အောင် သည်းခံနိုင်ခြင်း ရှိမရှိသည် မိမိ၏သည်းခံခြင်းပေါ်၌ မမူတည်ဘဲ၊ သခင်ဘုရား ၏ စောင့်ထိန်းပေးခြင်းပေါ်၌သာ မူတည်ကြောင်း သူမ သဘောပေါက်နားလည်ခဲ့သည်။ မည်သည့်ဝိညာဉ်ရေးရာ စုံလင်ခြင်း ကမျှ သခင်ဘုရား ပြန်လည်ကြွလာသည့်တိုင်အောင် လူတစ်ဦးကို ထောက်မ မထားနိုင်ပါ။ ခပ်သိမ်းသောအရာသည် ဘုရား သခင်နှင့် ကိုယ်တော်၏ စောင့်ထိန်းပေးသော တန်ခိုးတော်ပေါ်၌သာ မူတည်ပေ၏။ ဤအရာကို သဘောပေါက်သောအခါ၊ သူမသည် “ကျွန်မကို ကိုယ်တော်၏စိတ်နှလုံးပေါ်မှာတံဆိပ်ကဲ့သို့လည်းကောင်း၊ကိုယ်တော်၏လက်ရုံးတော်ပေါ်မှာ တံဆိပ် ကဲ့သို့လည်းကောင်း ထားတော်မူပါ”ဟု မရေရွတ်ဘဲ မနေနိုင်ပေ။ စိတ်နှလုံးသည် မေတ္တာ၏ နေရာဖြစ်ပြီး၊ လက်ရုံးသည် တန်ခိုးခွန်အား၏နေရာ ဖြစ်ပေ၏။ “ကိုယ်တော်၏စိတ်နှလုံးပေါ်၌ တံဆိပ်တစ်ခုကဲ့သို့ အမြဲထာဝရသော်လည်းကောင်း၊ ကိုယ်တော်၏ လက်ရုံးတော်ပေါ်၌ တံဆိပ်တစ်ခုကဲ့သို့ ဖျောက်ဖျက်၍ မရနိုင်အောင်သော်လည်းကောင်း ကျွန်မကို ထား တော်မူပါ။ ယဇ်ပုရောဟိတ်များသည် အစ္စရေးလူတို့ကို မိမိတို့၏ ရင်ဘတ်နှင့် ပခုံးပေါ်၌ ထမ်းရွက်ကြသကဲ့သို့၊ ကိုယ်တော် ၏စိတ်နှလုံးထဲ၌ ကျွန်မကို အစဉ်မပြတ် အောက်မေ့တော်မူပါ၊ ကိုယ်တော်၏လက်ရုံးတော်ဖြင့် ကျွန်မကို မစထောက်မ တော်မူပါ။ ကျွန်မသည် အားနည်း၍ အချည်းနှီးဖြစ်ကြောင်း သိပါ၏၊ ကျွန်မ၌ မည်သည့် တန်ခိုးခွန်အားမျှ မရှိကြောင်း လည်း သတိပြုမိပါ၏။ သခင်ဘုရား၊ ကျွန်မသည် အကူအညီမဲ့ တစ်ဦးဖြစ်ပါ၏။ ကိုယ်တော်ကြွလာသည့်တိုင်အောင် မိမိ ကိုယ်တိုင် စောင့်ထိန်းထားရန် ကြိုးစားပါက၊ ၎င်းသည် ကိုယ်တော်၏နာမတော်အတွက် အရှက်ရခြင်းနှင့် ကျွန်မကိုယ်တိုင် အတွက် ဆုံးရှုံးခြင်းကိုသာ ဆောင်ကြဉ်းပေးလိမ့်မည်။ ကျွန်မ၏ မျှော်လင့်ချက်အားလုံးသည် ကိုယ်တော်၏မေတ္တာနှင့် တန်ခိုးတော်၌သာ ရှိပါ၏။ ယခင်က ကျွန်မ ကိုယ်တော့်ကို ချစ်ခဲ့ပါ၏။ သို့သော် ထိုမေတ္တာ၏ မခိုင်မြကြောင်းကို ကျွန်မ သိ ပါ၏။ ယခုအခါ ကျွန်မအပေါ် ကိုယ်တော်ထားရှိသော မေတ္တာတော်ကိုသာ ကျွန်မ မျှော်ကြည့်ပါ၏။ တစ်ခါက ကျွန်မ ကိုယ် တော်ကို ဆုပ်ကိုင်ထားခဲ့ဖူးသည်၊ ၎င်းသည် သန်မာခိုင်မြသော ဆုပ်ကိုင်မှုဟု ထင်ခဲ့ပါ၏။ သို့သော် ယခုအခါ ကျွန်မ၏ အခိုင်မြဆုံး ဆုပ်ကိုင်မှုသည်ပင် အားနည်းခြင်းမျှသာ ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါပြီ။ ကျွန်မ၏ ယုံကြည်ကိုးစားမှုသည် ကျွန်မ၏ ဆုပ်ကိုင်နိုင်သော ခွန်အား၌ မဟုတ်ဘဲ၊ ကိုယ်တော့်၏ဆုပ်ကိုင်ပေးသော တန်ခိုးတော်၌သာ ဖြစ်ပါ၏။ ကိုယ် တော်အပေါ် ကျွန်မ၏ မေတ္တာအကြောင်း ထပ်မံ မပြောဝံ့တော့ပါ။ ကိုယ်တော်အား ကျွန်မ၏ ဆုပ်ကိုင်ထားခြင်းအကြောင်း ကိုလည်း ထပ်မံ မပြောဝံ့တော့ပါ။ ဤအချိန်မှစ၍ ခပ်သိမ်းသောအရာသည် ကိုယ်တော့်ခွန်အားနှင့် ကိုယ်တော့်မေတ္တာ တော်ပေါ်၌သာ မူတည်ပါသည်’” - Watchman Nee, *The Collected Works of Watchman Nee,* vol. 23, “The Song of Songs,” p. 119.

C. ကိုယ်တော်၏ မေတ္တာတော်ကို ဘေးဒုက္ခများက မငြိမ်းသတ်နိုင်ပါ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများကလည်း မနစ်မြုပ်စေနိုင်ပါ မည်သည့် စည်းစိမ်ဥစ္စာဖြင့်မျှလည်း အစားထိုး၍ မရနိုင်ပါ - သီ၈း၇။ ရော၈း၃၅-၃၉။ ၁ကော၁၃း၁-၃။

IV. သီချင်းတကာ့သီချင်း၏ နောက်ဆုံးကျမ်းပိုဒ် နှစ်ပိုဒ်သည် ခရစ်တော်၏ သတို့သမီးအဖြစ် ကျွန်ုပ်တို့ ပြင်ဆင်ခံရခြင်းအတွက် အလွန်ပင် အရေးပါလှပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြွလာတော်မူခြင်းကို လျင်မြန်စေ၍ ကိုယ်တော်ကို ပြန်လည်ခေါ်ဆောင်လာနိုင်မည် ဖြစ်သည် - "အို ဥယျာဉ်တို၌ နေသောသူ၊ / ကျွန်မ၏ အပေါင်းအဖော်တို့သည် ကိုယ်တော်၏ စကားသံကို နားထောင်တတ်ကြ၏။ / ကျွန်မသည်လည်း ကြားပါရစေ။ / အလျင်အမြန် ကြွလာတော်မူပါ ကျွန်မချစ်ရာ အရှင်။ / နံ့သာတောင်များပေါ်မှာ / သမင် ဒရယ် သငယ်ကဲ့သို့ ပြုတော်မူပါ"- ၈း၁၃-၁၄။

A. သူမသည် ကိုယ်တော်အား ပုံသဏ္ဌာန်ပြောင်းလဲသော ယုံကြည်သူများတည်းဟူသော ဥယျာဉ်တို၌ နေတော်မူသောအရှင်အဖြစ် လိပ်မူခေါ်ဆိုခဲ့သည်။ သူမ၏ အပေါင်းအဖော်တို့သည် ကိုယ်တော်၏ စကားသံတော်ကို နားထောင်ကြကြောင်း ပြောဆိုပြီးနောက်၊ "ကျွန်မသည်လည်း ကြားပါရစေ" ဟု သခင်ဘုရားထံ တိုးလျှိုးတောင်းခံခဲ့သည်။

B. ကျွန်ုပ်တို့၏ နေ့စဉ်ဆုတောင်းချက်မှာ "သခင်ဘုရား၊ ယနေ့ ကျွန်ုပ်ချစ်သောအရှင်၏အသံ - ကိုယ်တော်၏ အသံတော်ကို ကျွန်မကြားပါရစေ"ဟူ၍ ဖြစ်ရမည်။ သခင်ဘုရားကလည်း ရှာဖွေသူအား "သင်၏ စကားသံကို ကြားပါရစေ"ဟု ပြောလေသည် (ညွှန်း၊ ၂:၁၄)။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အသံတော်ကို ကြားလိုကြပြီး၊ ကိုယ်တော်သည်လည်း ရင်းနှီးကျွမ်းဝင်သော အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းအတွက် ကျွန်ုပ်တို့၏ အသံကို ကြားလိုတော်မူသည်။

C. ကျွန်ုပ်တို့၏ အသက်တာများသည် သခင်ဘုရား၏ စကားတော်များအပေါ် မူတည်ပြီး၊ ကျွန်ုပ်တို့၏ အလုပ်လုပ်ဆောင်ခြင်းသည်လည်း သခင်ဘုရား၏ မိန့်မှာချက်များအပေါ် မူတည်နေသည်။ ခရစ်တော်ကို ချစ်သောသူများအနေဖြင့် ကျွန်ုပ်တို့ ချစ်ရာအရှင်ဖြစ်တော်မူသော ကိုယ်တော်အတွက် အမှုဆောင်ရွက်ရာတွင် ကိုယ်တော်၏ စကားတော်ကို အစဉ်မပြတ် နားထောင်လျက် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းကို မပျက်မကွက် ထိန်းသိမ်းထားရန် လိုအပ်ပေသည်။

D. ကျွန်ုပ်တို့ ဆုတောင်းခြင်းများ၏ အလယ်ဗဟိုအချက်သည် သခင်ဘုရား၏ စကားပြောခြင်းကို ကျွန်ုပ်တို့ တောင့်တနေခြင်းဖြစ်သင့်သည် - ဗျာ၊ ၂း၇။ ဟေရှာ၊၅၀း၄-၅။ ထွ၊၂း၆။

E. သခင်ဘုရား၏ စကားတော်များ မရှိပါက၊ ကျွန်ုပ်တို့၌ မည်သည့် ဖွင့်ပြခြင်း၊ အလင်းနှင့် အသိပညာမျှ ရှိမည်မဟုတ်ပေ။ ယုံကြည်သူများ၏ အသက်တာသည် သခင်ဘုရား၏ မိန့်တော်မူချက်များပေါ်၌သာ လုံးဝဥဿုံ မှီတည်နေသည်။

F. ထို့ကြောင့် ကျွန်ုပ်တို့သည် ''အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန် ကြားပါသည်"ဟု ပြောခဲ့သော ရှမွေလကဲ့သို့ လည်းကောင်း (၁ရှမွေ၊၃း၁၀)၊ ''သခင်ဘုရား၏ခြေတော်ရင်း၌ ထိုင်၍ ကိုယ်တော်၏စကားတော်ကို နားထောင်လျက်နေသော" မာရိကဲ့သို့ လည်းကောင်း (လု၊၁၀း၃၉) နားထောင်သူ၏ စိတ်သဘောထား ရှိကြရန် အလွန် အရေးကြီးသည်။ ဤနောက်ဆုံးသော ကာလ၌ သခင်ဘုရား၏ ခေါ်တော်မူခြင်းမှာ - "ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကား" ဟူ၍ ဖြစ်ပေ၏ (ဗျာ ၂:၇က)။

G. သီချင်းတကာ့သီချင်း ၈:၁၃-၁၄ သည် သခင်ဘုရား ပြန်လည်ကြွလာနိုင်ရန်အတွက် ကျွန်ုပ်တို့ ကိုယ်တော်၏ အသံတော်ကို ကြားခြင်း၊ နားထောင်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြချက်သည် ဖေက် ၅:၂၅-၂၇ နှင့် ပင်ကိုယ်အနှစ်သာရအားဖြင့် တိုက်ရိုက်ဆက်နွယ်နေသည်။ ဖေက်စာစောင်ရှိ ဤကျမ်းပိုဒ်များသည် ဘုရားသခင်၏ စီမံကိန်းတစ်ခုလုံးကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။

1. အပိုဒ်ငယ် ၂၅ တွင် ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍ သူမအတွက် မိမိကိုယ်ကို စွန့်တော်မူကြောင်း ဖော်ပြထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ၏သတို့သမီး ဖြစ်စေလိုသောကြောင့် ကျွန်ုပ်တို့ကို ရွေးနုတ်ရန်နှင့် ကျွန်ုပ်တို့ကို ဝယ်ယူရန် အသေခံတော်မူခဲ့ခြင်း ဖြစ်ပေသည် - ဤကျမ်းပိုဒ်သည် ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့်အတူ ကျွန်ုပ်တို့၏ ရွေးနုတ်ရှင် ဖြစ်တော်မူသော ခရစ်တော်ကို ဖော်ပြနေသည်။
2. အပိုဒ်ငယ် ၂၆ တွင် "နှုတ်ကပတ်တော်ရေ၌ သူမကို ဆေးကြောခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းငှာ" ကိုယ်တော်သည် အသင်းတော်အတွက် မိမိကိုယ်ကို စွန့်တော်မူသည်ဟု ဆက်လက်ဖော်ပြထားသည် - ဤကျမ်းပိုဒ်သည် သတို့သမီးကို

ပြင်ဆင်ပေးရန်အတွက် ကိုယ်တော်၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းနှင့်အတူ အသက်ပေးသော ဝိညာဉ်တော် ဖြစ်တော်မူသော ခရစ်တော်ကို ဖော်ပြထားသည်။

a. ယခုအချိန်တွင် ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော် ဖြစ်တော်မူသည် (၁ကော၊၁၅:၄၅ခ)။ အသက်ပေးသော ဝိညာဉ်တော်အနေဖြင့် ကိုယ်တော်သည် သူ၏နှုတ်ကပတ်တော်၌ ကိန်းဝပ်တည်နေတော်မူသည် (ယော၊ ၆:၆၃။ ၈၊၆:၁၇-၁၈။ ၂တိ၊၃:၁၆)။

b. ဧဖက် ၅:၂၆ ရှိ "နှုတ်ကပတ်တော်" ဆိုသည်မှာ *လော့ဂေါ့စ်* မဟုတ်ဘဲ၊ *ရေမာ* ဖြစ်သည်။ ၎င်းမှာ ဟောင်းနွမ်းသော အရာများကို ဆေးကြောစင်ကြယ်၍၊ အသစ်သောအရာများ အစားထိုးဝင်ရောက်လာစေပြီး၊ အတွင်းပိုင်းဆိုင်ရာ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်ပေါ်စေရန်အတွက် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ ချက်ချင်းဖြစ်သော၊ လက်ရှိဖြစ်သော၊ အသက်ရှင်သော၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ စကားတော် ဖြစ်သည်။

c. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ချစ်ရာအရှင်၏ အသံတော်တည်းဟူသော ကျွန်ုပ်တို့ထံ နေ့စဉ် ချက်ချင်းဖြစ်သော၊ လက်ရှိဖြစ်သော စကားပြောခြင်းကို တစ်ဦးချင်းဆိုင်ရာ ကြားရန် လိုအပ်သည်။ သခင်ဘုရား၏ စကားပြောခြင်းသည် ဘုရားသခင်၏စီးဆင်းနေသောအသက်တော်ဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းပေးပြီး၊ ဆေးကြောပေးကာ အတွင်းပိုင်းဆိုင်ရာနှင့် ဇီဝဖြစ်စဉ်ပြောင်းလဲစေခြင်းအားဖြင့် ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်ပေး၍ ပုံသဏ္ဌာန် ပြောင်းလဲပေးသည်။ အသင်းတော်သည် သန့်ရှင်း၍ အပြစ်အနာအဆာ ကင်းစင်စေရန်အတွက် ယခု ကျွန်ုပ်တို့သည် ထိုကဲ့သို့သော ဆေးကြောခြင်း ဖြစ်စဉ်၌ ရှိနေကြသည်။

3. ဧဖက် ၅း၂၇ ၌ "သူမသည် သန့်ရှင်းလျက်၊ အပြစ်တင်ခွင့် ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့် ကင်းလွတ်သဖြင့်၊ ဘုန်းတော်နှင့် ပြည့်စုံသော အသင်းတော်ကို ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်"ဟု ဖော်ပြထားသည် - ဤကျမ်းပိုဒ်သည် သတို့သမီးကို ဆက်သခြင်းအတွက် မင်္ဂလာဆောင်သတို့သား ဖြစ်တော်မူသော ခရစ်တော်ကို ဖွင့်ပြထားသည်။

a. အတိတ်ကာလ၌ ခရစ်တော်သည် ကျွန်ုပ်တို့၏ ရွေးနုတ်ရှင် ဖြစ်တော်မူသည်။ လက်ရှိကာလ၌ ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော် ဖြစ်တော်မူသည်။ အနာဂတ်ကာလ၌ မင်္ဂလာဆောင်သတို့သားဖြစ်သော ကိုယ်တော်သည် သူ၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် စစ်မှန်သော ရှုလမိတ် တည်းဟူသော မိမိ၏ အဖော်အဖက် ဖြစ်သည့် အသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သတော်မူမည် ဖြစ်သည် - သီ၊၆း၁၃။

b. အရေတွန့်ခြင်းများသည် ကျွန်ုပ်တို့၏ ဟောင်းနွမ်းခြင်းကို ပုံဆောင်၍၊ အညစ်အကြေးတင်ခြင်းများသည် ကျွန်ုပ်တို့၏ ဇာတိအသက်ကို ပုံဆောင်ပြီး၊ "ထိုသို့သောအရာများ" သည် ကျွန်ုပ်တို့အတွင်းရှိ ဖန်ဆင်းခြင်းအဟောင်း၏ အရာခပ်သိမ်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲသော ဖန်ဆင်းခြင်းအသစ်၊ ကိုယ်တော်၏ ရှုလမိတ် ဖြစ်လာစေရန်အတွက် ဤအရာများကို ကိုယ်တော်၏ နှုတ်ကပတ်တော်ရှိ ရေဖြင့် ဆေးကြောစင်ကြယ်ခံရသည်။

c. ကျွန်ုပ်တို့ထံ တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်၏ ပုဂ္ဂိုလ်ရေးအရ၊ သီးသန့်ဖြစ်သော၊ တိုက်ရိုက်ဖြစ်သော စကားပြောခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဘုန်းတော်နှင့်ပြည့်စုံသော သတို့သမီးအဖြစ် ပြင်ဆင်ပေးသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ထိမ်းမြားလက်ထပ်ရန် ပြန်လည်ကြွလာနိုင်မည် ဖြစ်သည် - "ကျွန်မ၏ အပေါင်းအဖော်တို့သည် ကိုယ်တော်၏ စကားသံကို နားထောင်တတ်ကြ၏။ / ကျွန်မ သည်လည်း ကြားပါရစေ" - (သီ၊၈း၁၃)။

V. သီချင်းတကာ့သီချင်း ကဗျာလင်္ကာစာစောင်၏ နိဂုံးချုပ်အဆုံးသတ်အနေဖြင့်၊ ခရစ်တော်၏ချစ်သူသည် မြေကြီးတစ်ပြင်လုံးကို ပြည့်စေမည့် ကိုယ်တော်၏ ချီးမြှင့်လှုပသော နိုင်ငံတော် (နှံ့သာတောင်များ) ကို တည်ထောင်ရန်အလို့ငှာ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော် (သမင်၊ ဒရယ်သငယ်များ) ၌ သူမချစ်ရာအရှင် အလျင်အမြန် ပြန်ကြွလာတော်မူရန် ဆုတောင်းခဲ့သည် - သီ၊၈း၁၄။ ဗျာ၊၁၁း၁၅။ ဒံ၊ ၂း၃၅၊၄၅။

A. သခင်ဘုရားက "ငါသည် အလျင်အမြန် လာမည်"ဟု မိန့်တော်မူသည်။ တမန်တော်ယောဟန်၏ တုံ့ပြန်ချက်မှာ "အာမင်၊ သခင်ယေရှု ကြွလာတော်မူပါ" (ဗျာ၊ ၂၂:၂၀) ဟု ကိုယ်တော့်ထံ လျှောက်ထားခြင်းဖြင့် ဤစကားတော်ကို သခင်ဘုရားထံ ပြန်လည်ဆုတောင်း-ဖတ်ခဲ့သည်။ ဤသည်မှာ သမ္မာကျမ်းစာရှိ နောက်ဆုံးသော ဆုတောင်းချက် ဖြစ်သည်။ သမ္မာကျမ်းစာ တစ်ခုလုံးသည် သခင်ဘုရား ပြန်လည်ကြွလာတော်မူခြင်းကို တောင့်တသောဆန္ဒကို ဆုတောင်းချက်အဖြစ် ဖော်ပြလျက် နိဂုံးချုပ်ထားသည်။

B. ထိုကဲ့သို့သော ဆုတောင်းချက်သည် မင်္ဂလာဆောင်သတို့သားအဖြစ် ခရစ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးအဖြစ် ကိုယ်တော်၏ချစ်သူတို့အကြား ထိမ်းမြားခြင်းဆိုင်ရာ ချစ်ခြင်းမေတ္တာ၌ ပေါင်းစည်းဆက်နွယ်ခြင်းနှင့် အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းကို ဖော်ပြသည်။ ထိုနည်းတူ ခရစ်တော်၏ချစ်သူ ယောဟန်၏ဆုတောင်းချက်သည် သန့်ရှင်းသော ကျမ်းစာတော်၏ နိဂုံးချုပ်စကားအဖြစ် ကိုယ်တော်၏ ဘုရားဆိုင်ရာ မေတ္တာတော်၌ ခရစ်တော်နှင့် အသင်းတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ ထာဝရ စီမံကိန်းကို ဖော်ပြထားသည်။

C. ချစ်ခြင်းမေတ္တာ ကဗျာတစ်ပုဒ်အဖြစ် ပုံဖော်ထားသော သီချင်းတကာ့သီချင်းအတိုင်း ချစ်ခြင်းမေတ္တာ၏ အသက်တာကို ကျွန်ုပ်တို့အသက်ရှင်ခြင်းမှာ ဘုရားသခင်ကို ကျွန်ုပ်တို့၏ အဆုံးစွန်သော မွေ့လျော်ဝမ်းမြောက်ခြင်းအဖြစ် ကျေးဇူးတော်ကို ထွက်ပေါ်စေသည့် ဘုရားသခင်၏*ပွဲတော်*မှ၊ ကဗျာ ဖြစ်လာစေသည် (၈၊၂း၁၀)။ သခင်ယေရှု၏ ကျေးဇူးတော်သာလျှင်၊ ကျွန်ုပ်တို့အား အရာအားလုံးပါဝင်သော ခရစ်တော်ကို တွေ့ကြုံခံစားရန်၊ မွေ့လျော်ဝမ်းမြောက်ရန်နှင့် ထင်ရှားနိုင်စေရန်လည်းကောင်း၊ သုံးပါးတစ်ပါး ဘုရားသခင်၌ ပါဝင်ဆက်ဆံနိုင်စေရန်လည်းကောင်း တတ်စွမ်းစေနိုင်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထာဝရအကြံအစည်တော် ပြည့်စုံခြင်းအတွက် ကိုယ်တော်၏ အဆုံးစွန်သော ရှုလမိတ်၊ သိုးသငယ်၏ ဧနီးတည်းဟူသော ကိုယ်တော်၏ ထာဝရ စုပေါင်းထင်ရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ဖြင့် ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် ထာဝရကာလတိုင်အောင် အပြန်အလှန် အပြည့်ဝဆုံးသော ကျေနပ်နှစ်သက်မှုနှင့် အပြည့်စုံဆုံးသော ငြိမ်သက်နားခိုခြင်းကို မွေ့လျော်ဝမ်းမြောက်နိုင်ကြမည် ဖြစ်သည် (ဗျာ၊ ၂၂း၂၁။၁၉း၇။ ၂၁း၉)။

D. "ကိုယ်တော် ကြွလာတော်မူသောအခါ၊ ယုံကြည်ခြင်းသည် အမှန်တရားအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပြီး၊ ကျေးဇူးတင်ချီးမွမ်းခြင်းက ဆုတောင်းခြင်းကို အစားထိုးသွားမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် အရိပ်မဲ့သော စုံလင်ခြင်း၌ ပြီးမြောက်ပြည့်စုံသွားမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အပြစ်ကင်းစင်သော နယ်ပယ်၌ ကိုယ်တော်အား အစေခံကြမည် ဖြစ်ပေ၏။ မည်မျှ ကြီးမြတ်သော နေ့ရက် ဖြစ်ပါမည်တကား။ သခင်ယေရှု၊ အလျင်အမြန် ကြွလာတော်မူပါ" - Watchman Nee, *The Collected Works of Watchman Nee,* vol. 23, "The Song of Songs," p. 126.

© 2026 Living Stream Ministry